ကြေးမုံ

The Mirror

၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ရက်၊ ကြာသပတေးနေ့၊(11-2-2010)(၆၃၁၁)

ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ကာကွယ်ထိန်းသိမ်းကြရမည်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရေးအတွက် မကြုံစဖူး ထူးကဲစွာ ရရှိပြီးဖြစ်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို နိုင်ငံသူ၊ နိုင်ငံသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် ကာကွယ်ထိန်းသိမ်းကြရမည့် တာဝန်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　ဖေဖော်ဝါရီ　၁၁

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင်ကျရောက်သော အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ မာမွတ်အာမက်ဒီနီဂျတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူးသစ် Colonel Syphanh PHANTHALAVONG အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (ယာပုံ) **နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ စစ်သံမှူးသစ် Colonel Syphanh PHANTHALAVONG အား လက်ခံတွေ့ဆုံစဉ်။**(အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ ဒုတိယသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　ဖေဖော်ဝါရီ　၁၁

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ ဒုတိယသမ္မတ မိုဟာမက် ရီဇာရာဟီမီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူးသစ်အားလက်ခံတွေ့ဆုံ

နေပြည်တော်　ဖေဖော်ဝါရီ　၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ စစ်သံမှူးသစ် Colonel Syphanh PHANTHALAVONG အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၁၁-၂-၂၀၁၀
(ကြာသပတေးနေ့)

ညီကိုနောင်ရင်း သွေးချင်းပေါင်းစု ဒို့ပြည်ထောင်စု

မြန်မာနိုင်ငံ၏ ထူးခြားသောဝိသေသမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသည့် တိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုများ ချစ်ကြည်ရင်းနှီး ပေါင်းစည်းနေထိုင်ကြခြင်းဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသားများသည် နှစ်ပေါင်းထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက် တစ်မြေတည်းနေ တစ်ရေတည်းသောက်၍ ဥမကွဲသိုက်မပျက် ချစ်ချစ်ခင်ခင် နေထိုင်လာခဲ့ကြသည်။

ယင်းသို့ စည်းလုံးညီညွတ်မှုရှိသော မြန်မာတို့၏ ပိုင်နက်နယ်မြေကို ကိုလိုနီနယ်ချဲ့တို့က ကျူးကျော်စစ်ခင်းပြီး စိုးမိုးအုပ်ချုပ်ခဲ့ဖူးသည်။ တောင်တန်းဒေသ၊ ပြည်နယ်ဒေသ၊ ပြည်မဒေသ စသည်ဖြင့် ခွဲခြားကန့်သတ်သွေးခွဲအုပ်ချုပ်ခဲ့ကြသည်။ အမြော်အမြင်ကြီးမားသော တိုင်းရင်းသားခေါင်းဆောင်များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် လွတ်လပ်ရေးအတွက် အထောက်အပံ့ဖြစ်စေသော ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။

မြန်မာတိုင်းရင်းသားတို့၏ ရင်တွင်း၌ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်သည် ရှေးယခင်ကတည်းကပင် ကိန်းအောင်းနေသည်။ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်များပျံ့နှံ့လျက်ရှိသည်။ တိုင်းရင်းသားအားလုံးတို့၏ စည်းလုံးညီညွတ်မှု အစဉ်အလာကောင်း၊ မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေးဇာတိမာန်ထက်သန်ခိုင်မာမှုများဖြင့် နယ်ချဲ့နှင့်ဖက်ဆစ်တို့ကို တွန်းလှန်နိုင်ခဲ့ကြသည်။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံဘဝသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

ပင်လုံမြေတွင် စတင်သန္ဓေတည်ခဲ့သော ပြည်ထောင်စုနေ့ အခါသမယသည် ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ရက်တွင် (၆၃)နှစ် ပြည့်မြောက်ပေတော့မည်။ ပြောင်းလဲရွေ့လျားနေသော အချိန်ရေစီးကြောင်းနှင့်အတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်နေပြီ။ ထာဝရသစ္စာတရားဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒနှင့်အညီ နိုင်ငံတော်သစ်ကို တည်ဆောက်နေခြင်းဖြစ်သည်။

တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မြဲမှသာ နိုင်ငံတည်ငြိမ်အေးချမ်းသာယာမည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ပေါ်လာနိုင်မည်။ တိုင်းရင်းသားလူမျိုး တစ်မျိုးမျိုး သို့မဟုတ် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်း တစ်ရပ်ရပ်ကိုမျှ သီးသီးသန့်သန့် ခွဲခြားပိုင်းခြား မရနိုင်သည်ဖြစ်ရာ ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက်စေရေး အလေးထား ကာကွယ်စောင့်ရှောက်သွားကြရပါမည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီးလာသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် တားဆီးကာကွယ်သွားကြရပါမည်။

တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား ဖြစ်တည်နေသည့် ပြည်ထောင်စုစိတ်ဓာတ်သည် ရှင်သန်ခိုင်မြဲ နေဆဲဖြစ်သည်။ တိုင်းရင်းသားများအားလုံး၏ ကြိုးပမ်းအားထုတ်မှုရလဒ် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ဝေဆာနေပြီ။ စည်းလုံးညီညွတ်မှု အစဉ်အလာကောင်း၊ အောင်မြင်မှုရလဒ်ကောင်းများနှင့်အတူ ညီကိုနောင်ရင်း သွေးချင်းများပေါင်းစုနေထိုင်သည့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲစေရေး လက်တွဲညီညီ ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	အကပဒေသာ
၈း၂၀	၈။	ဆွာချောင်းတံတား
၈း၃၀	၉။	(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	"အေးမြသော လေညင်းလေးများ"
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ဂီတသံစဉ်အလှဆင်
၄း၂၅	၃။	"ရေအကျိုးဆယ်ပါးမတောင်းဘဲ ပြည့်စေသား"
၄း၃၀	၄။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၄း၄၅	၅။	(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၄း၅၅	၆။	၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ပထဝီဝင်ဘာသာရပ်)
၅း၃၀	၇။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၄၀	၈။	(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၂၀	၁၀။	မိုးလေဝသအခြေအနေ
၆း၂၅	၁၁။	**ပျော်ရွှင်စေသောနေ့ရက်များ "မျှားငါးကြင်း"(အပိုင်း-၁၂) (မိုးမိုး၊သူရလင်း၊သဇင်၊ မေမျိုးသင်း) (ဒါရိုက်တာ-အောင်ကျော်သူရ)**
၆း၄၅	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ဖွဲ့မေတ္တာ"(အပိုင်း-၉)**
၇း၄၀	၁၃။	"ပြည်ထောင်စုစိတ်ဓာတ်မပြတ် ရင့်သန်ခိုင်မာရန်မှာဒို့ဝန်တာ" (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	National Land Mark အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကိုယ်ရံတော်"(အပိုင်း-၁၆)**
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၂၀)**
	၂၀။	အစီအစဉ်ပြီး၏။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၁၀ ခုနှစ် (၅၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ဧရာဝတီတိုင်း ပုသိမ်မြို့ ပြည်သူ့အားကစားကွင်း၌ လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းနှင့် စစ်ကိုင်းတိုင်းအသင်းတို့ ဖေဖော်ဝါရီ ၉ ရက်က အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

(၅၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၁၀ ခုနှစ် (၅၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းအမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ဖေဖော်ဝါရီ ၉ ရက် ညနေ ၃ နာရီတွင် ဧရာဝတီတိုင်း ပုသိမ်မြို့ ပြည်သူ့အားကစားကွင်း၌ လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းနှင့် စစ်ကိုင်းတိုင်းအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

(၅၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းအမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း (၁၆)သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပုသိမ်ဇုန်၊ ဟင်္သာတဇုန်၊ မအူပင်ဇုန်နှင့် မြောင်းမြဇုန်ဟူ၍ လေးဇုန်ခွဲပြီး ကျင်းပခဲ့ခြင်းဖြစ်သည်။

ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲသည် မြန်မာနိုင်ငံ၌ ပြည်သူလူထု၏ စိတ်ဝင်စားမှုနှင့် အားပေးမှု များစွာရရှိသည့် ပြိုင်ပွဲကြီးဖြစ်သည်။ ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲများမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများလည်း အများအပြား ပေါ်ထွက်ခဲ့ပြီဖြစ်သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ စတုတ္ထဆုရ ဧရာဝတီတိုင်းအသင်း၊ တတိယဆုရ မကွေးတိုင်းအသင်းနှင့် ဒုတိယဆုရ စစ်ကိုင်းတိုင်း အသင်းတို့အားလည်းကောင်း၊ ပွဲစဉ်အလိုက် အကောင်းဆုံး အားကစားသမားဆုရ သက်နိုင်(မန္တလေးတိုင်း)၊ အကောင်းဆုံးဂိုးသမားဆုရ အောင်ငွေဖြိုး(မကွေးတိုင်း)၊ အကောင်းဆုံး နောက်တန်းအားကစားသမားဆုရ သက်နွေအေး(စစ်ကိုင်းတိုင်း)၊ အကောင်းဆုံး အလယ်တန်းအားကစားသမားဆုရ ကျော်ကိုကိုအောင်(ဧရာဝတီတိုင်း) နှင့် အကောင်းဆုံးရှေ့တန်း အားကစားသမားဆုရ အောင်စိုးမိုး(စစ်ကိုင်းတိုင်း) တို့အားလည်းကောင်း တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက အနိုင်ရဗိုလ်စွဲသွားသော လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းအား ငွေသားဆု၊ ပြည်ထောင်စုဒိုင်းကြီးနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင်များဖြစ်ကြသော ဦးရဲကျော်သိန်း (Compu Tech Computer Co., Ltd.)နှင့် ဦးအောင်ဇော်မြင့် (M.S.T Computer Center) တို့က "Essential Networking Technology & Network Professionals Trend" ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၁၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ပင်မဆောင်ရှိ Conference Hall ၌ ဟောပြောကြမည်ဖြစ်သည်။

ယင်းဆွေးနွေးဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ကြပြီး အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အဆောက်အအုံရှိ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဖြစ်ပွားမှု နောက်ဆက်တွဲသတင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်းရှိ ရွာတစ်ရွာတွင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ New Influenza A (H1N1) ပိုးတွေ့ရှိသူ လေးဦးတွေ့ရှိခဲ့ခြင်းနှင့် ပတ်သက်၍ ကျန်းမာရေးဦးစီးဌာန၊ အထူးရောဂါနှိမ်နင်းရေးအဖွဲ့သည် ချင်းပြည်နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းကာ ရောဂါဖြစ်ပွားသည့်ရွာနှင့် ဆက်စပ်လျက်ရှိသော ရွာသုံးရွာသို့ ကွင်းဆင်းခဲ့ရာ နောက်ထပ် ရောဂါလက္ခဏာ တွေ့ရှိသူ မရှိကြောင်းနှင့် ရောဂါဖြစ်ပွားသူ လေးဦးစလုံး သက်သာလျက်ရှိကြောင်း သိရသည်။

ဆောင်ရွက်

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဘော်ဒါဆောင်တစ်ခုတွင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဖြစ်ပွားမှုနှင့် ပတ်သက်၍ ပိုးတွေ့သူ ၂၁ ဦးရှိပြီဖြစ်ကြောင်း၊ ပိုးတွေ့လူနာနှင့် သံသယလူနာ စုစုပေါင်း ၄၇ ဦးအား ဝေဘာဂီအထူးကုဆေးရုံကြီး၊ မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီးနှင့် သဃ်န်းကျွန်းစံပြ အထွေထွေရောဂါကု ဆေးရုံကြီးတို့တွင် ကုသပေးလျက်ရှိရာ လူနာများမှာ သက်သာလျက်ရှိကြောင်း၊ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာန၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနတို့မှ ပညာရှင်များသည် ဒေသဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုက်တွန်းနှိုးဆော်

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်တွင် ယမန်နေ့က ရောဂါပိုးတွေ့သူ လေးဦးတွေ့ရှိခဲ့သဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဗဟိုနှင့်ဒေသဆိုင်ရာအာဏာပိုင်များ ပူးပေါင်း၍ အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအတွင်း ရောဂါကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်နှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။

(သတင်းစဉ်)

အမှတ်(၂)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)မှ မော်တော်ယာဉ်နှင့် အခြားစက်မှုလုပ်ငန်းသုံး ရော်ဘာပစ္စည်းများထုတ်လုပ်

စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၂)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)၏ စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

☆ **ကျောဖုံးမှ**

သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက စက်ရုံတည်ဆောက်ရခြင်း ရည်ရွယ်ချက်နှင့် နောက်ခံသမိုင်း၊ စက်ရုံဆိုင်ရာ အချက်အလက်များနှင့် ထုတ်လုပ်မှုဌာနများ၊ ထုတ်လုပ်မည့် တာယာအမျိုးအစားနှင့် ထုတ်လုပ်မှု စွမ်းအား၊ ပြည်တွင်းတာယာလိုအပ်ချက်နှင့် ဝန်ကြီးဌာနမှ ဖြည့်ဆည်းပေးနိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး စက်ရုံ၏ တာယာထုတ်လုပ်မှုအဆင့်ဆင့်ကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ဆောင်ရွက်ပေး

ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်များ စွမ်းအားပြည့် လည်ပတ်ရေးနှင့် ကုန်ထုတ်လုပ်ငန်းများ လျှာထားချက် ပြည့်မီရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ်သည် စက်ရုံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China CAMC Engineering Co., Ltd. မှ General Manager နှင့် Design Institute President တို့အား သစ်သီးခြင်းလက်ဆောင်ပေးအပ်ပြီး စက်ရုံပုံစံငယ်ကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံမှခ်ဦး၌ ကျင်းပသည့် စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းတို့က အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ်က စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်၊ တိုင်းမှူးနှင့် ဝန်ကြီးများက စက်ရုံကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ဘီးလင်း)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံအတွင်း တာယာထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်၊ အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းနမူနာများနှင့် စက်ရုံမှ ထုတ်လုပ်ထားသည့် တာယာအမျိုးမျိုးကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထုတ်လုပ်မှုဆိုင်ရာ အဆောက်အအုံများ၊ သိုလှောင်ရုံများနှင့် စက်ရုံမှ စိုက်ပျိုးထားသည့် ရော်ဘာစိုက်ခင်းတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)သည် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရန်ကုန်-မော်လမြိုင်လမ်းမကြီး၏ မိုင်တိုင်အမှတ်(၁၂၂)အနီး၌ တည်ရှိပြီး စက်ရုံ၌ တပ်ဆင်ထားသည့် မူလစက်တပ်ဆင်မှုစွမ်းအားအရ လူစီးမော်တော်ယာဉ်တာယာအမျိုးအစား ၁၁ မျိုးကို တစ်နှစ်လျှင် အလုံးရေ သုံးသိန်း၊ တန်ချိန်အားဖြင့် ၂၆၀၈ တန် ထုတ်လုပ်မည့်အပြင် စက်မှုလုပ်ငန်းသုံး အဆင့်မြင့်ရော်ဘာပစ္စည်းများဖြစ်သည့် ဖိအားမြင့် ရော်ဘာပိုက်၊ ဆေးရုံသုံးလက်အိတ်များနှင့် အခြားစက်မှုလုပ်ငန်းသုံး ရော်ဘာပစ္စည်းများကိုလည်း ထုတ်လုပ်သွားမည်ဖြစ်သည်။

စက်ရုံဖွင့်ပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် စက်ရုံမှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြပြီး ခရီးလမ်းတစ်လျှောက် ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့၌ စိုက်ပျိုးထားရှိသော ရော်ဘာပင်များ ဖြစ်ထွန်းနေမှုနှင့် ပဲခူးတိုင်း ကဝမြို့ရှိ ဆားကွင်းများ ဖော်ထုတ်လုပ်ကိုင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၂)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ဘီးလင်း)ကို တွေ့ရစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို သံတွဲလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်းနှင့် သူငွေးရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် သံတွဲလေဆိပ်အဆောက်အအုံသို့ ရောက်ရှိရာ လေဆိပ်ခန်းမ၌ တာဝန်ရှိသူများက သံတွဲလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တည်ဆောက်ပြုပြင်မှုလုပ်ငန်းများ အမြန်ဆုံးပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားပြီး လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း စီမံကိန်းလုပ်ငန်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သံတွဲမြို့ ဒွါရာဝတီခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် တိုင်းမှူးတို့က အခြေခံပညာကျောင်းများအတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ပစ္စည်းများနှင့် ကျေးလက်စာကြည့်တိုက်များအတွက် မဂ္ဂဇင်း၊ ဂျာနယ်နှင့် သုတရသစာအုပ်များ၊ ကျေးလက်ကျန်းမာရေးဌာနများအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် သံတွဲမြို့နယ် သူငွေးချောင်းပေါ်ရှိ သူငွေးရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်ဆိုင်ရာ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဆွေးနွေးမှာကြားကာ ရှုရပ်မှ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေလွှဲဥမင်လိုဏ်၊ ရေယူဥမင်လိုဏ် ဖောက်လုပ်မည့်နေရာနှင့် ပင်မ တမံ တည်ဆောက်မည့်နေရာများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ညနေပိုင်းတွင် မာန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းသား၊ ကျောင်းသူများ၏ ဘာသာရပ်ဆိုင်ရာသင်ခန်းစာများ သင်ယူနေမှုကို ကြည့်ရှုစစ်ဆေးကြရာ ကျောင်းအုပ်ဆရာမကြီးက သင်ကြားစီမံကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ပညာရေးမှူးက ဖြည့်စွက်တင်ပြကာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လိုအပ်သည်များကို မှာကြား၍ ကျောင်းသား၊ ကျောင်းသူများအား အားပေးစကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် မာန်အောင်မြို့ အောင်ဇေယျာခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် တိုင်းမှူးတို့က အခြေခံပညာကျောင်းများအတွက် နေရောင်ခြည်စွမ်းအင်သုံး ပစ္စည်းနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ ကျေးလက်ကျန်းမာရေးဌာနများအတွက် ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်နှင့် ဂျာနယ်များကို တာဝန်ရှိသူများထံ ပေးအပ်ကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို သံတွဲလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် (သောကြာနေ့) နံနက် ၇ နာရီတွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြားနှင့် နေပြည်တော်မြန်မာ့အသံတို့မှ ယင်းနေ့ နံနက် ၆ နာရီ ၄၅ မိနစ်မှ စတင်ပြီး တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာနူချာ မိုတာကီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ

နေပြည်တော်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်နယ်နှင့်တိုင်းများမှ အုပ်ချုပ်သူများနှင့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၆ ရက်မှ ၉ ရက်အထိ နေ့စဉ် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်နှင့် ပြတိုက်၊ ပိဋကတ်တိုက်နှင့် မော်ကွန်းတိုက်၊ နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော် ပရဆေးဥယျာဉ်၊ နေပြည်တော် ရေပန်းဥယျာဉ်၊ Mount Pleasant Hotel တောင်ပေါ်အပန်းဖြေစခန်း၊ နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ Junction Center၊ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာပြခန်းနှင့် ငလိုက်ကန်သာအပန်းဖြေစခန်းတို့သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ (သတင်းစဉ်)

တက္ကသိုလ်၊ ဒီဂရီကောလိပ်များ တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များ တင်းနစ်ကွင်း(သထုံလမ်း)၌ ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက ယခုပြိုင်ပွဲအတွက် အလှူငွေများကို အဝေးသင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်အေးအေးထံ ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် ပူးတွဲတတိယရရှိကြသော ရန်ကုန်တက္ကသိုလ်အသင်းနှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်အသင်း၊ ဒုတိယရရှိသော ရန်ကုန်ပညာရေးတက္ကသိုလ်(ခ)အသင်းနှင့် ပထမရရှိသော ရန်ကုန်ပညာရေး တက္ကသိုလ်(က)အသင်းတို့အား ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌက အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတွင် ပူးတွဲတတိယရရှိကြသော ရန်ကုန်ပညာရေးတက္ကသိုလ် (က)အသင်းနှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်အသင်း၊ ဒုတိယရရှိသော ရန်ကုန်စီးပွားရေးတက္ကသိုလ်အသင်းနှင့် ပထမရရှိသော ဒဂုံတက္ကသိုလ်အသင်းတို့အား လည်းကောင်း၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် အနိုင်ရရှိကြသူများနှင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် အနိုင်ရရှိကြသူများအားလည်းကောင်း တာဝန်ရှိသူတို့က ဆုတံဆိပ်များနှင့်ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပူးတွဲတတိယရရှိကြသော ဇော်ကိုကိုထက် (ရန်ကုန်ပညာရေးတက္ကသိုလ်) နှင့် ဖွဲ့ဇာနည်အောင် (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဒုတိယရရှိသော မျိုးမင်းအောင် (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)၊ ပထမရရှိသော အောင်ဘိုမင်း (ရန်ကုန်ပညာရေးတက္ကသိုလ်)၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပူးတွဲတတိယရရှိကြသော အိအိခိုင် (ရန်ကုန်ပညာရေးတက္ကသိုလ်)နှင့် သက်မာထွန်း (ဒဂုံတက္ကသိုလ်)၊ ဒုတိယရရှိသော ချစ်သက်စု (ရန်ကုန်စီးပွားရေးတက္ကသိုလ်)နှင့် ပထမရရှိသော ခိုင်ငြိမ်းသာ (ဒဂုံတက္ကသိုလ်) တို့အား တာဝန်ရှိသူတို့က ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ဒိုင်ချုပ်အဖြစ် တာဝန်ယူဆောင်ရွက်သော ဦးမျိုးလွင်ဦးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၂-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ဓဇဂ္ဂသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "မုလေးပန်းပမာ တရားရှာ" တရားတော် [အရှင်ဥတ္တရ (ကျိုက်ဒေးယျှံဆရာတော်)]
၆း၅၀ အံ့ဖွယ်တမူ "ဆဒ္ဒန်ဂူ"
၇း၀၀ MRTV-4 သတင်း
၇း၄၅ ES4E Language & Training Centre (Parents Day)
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ" (အပိုင်း-၁၈)**
၈း၃၀ Sports World
၈း၅၅ Activities In The City - (Seven Diamond Dragon အလှကုန်ပစ္စည်းမိတ်ဆက်ပွဲ) - (အလက-၄ မြောက်ဥက္ကလာပ အာစရိယပူဇော်ပွဲ)
၉း၂၀ နှလုံးသားလေးများလှစေချင်
၉း၃၅ Style ရှိမှ Star ဖြစ်မယ်
၁၀း၂၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ကော်ကြွက်ကွက်ကျော်"
၁၁း၀၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာထွန်းထွန်းလင်းနှင့်တွေ့ဆုံခြင်း)
၁၁း၃၀ လှမ်းခဲ့ပါဆွေ "မနောမြေ"
၁၁း၄၀ စိမ့်နေခြည်၏ ခေတ်သစ်မွေးဌာနီ
၁၂း၀၅ စိုက်ပျိုးဝေဆာ ဒို့မြေမှာ (မှိုစိုက်ပျိုးရေးနည်း)
၁၂း၂၀ Activities In The City - (Seven Diamond Dragon အလှကုန်ပစ္စည်းမိတ်ဆက်ပွဲ) - (အလက-၄ မြောက်ဥက္ကလာပ အာစရိယပူဇော်ပွဲ)
၁၂း၅၀ နှလုံးသားလေးများလှစေချင်
၁း၀၀ "မုလေးပန်းပမာ တရားရှာ" တရားတော် [အရှင်ဥတ္တရ (ကျိုက်ဒေးယျှံဆရာတော်)]
၂း၀၀ MRTV-4 သတင်း
၂း၄၅ Fashion Music Festival (Duet ကမ်းခြေ)
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ" (အပိုင်း-၁၈)**
၄း၀၅ စိမ့်နေခြည်၏ ခေတ်သစ်မွေးဌာနီ
၄း၂၅ ပြည်ထောင်စုတေးအစီအစဉ်
၄း၄၀ "ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်" တည်ငြိမ်အေးချမ်း ပျော်ရွှင်ခြင်းနှင့်အတူ. . .
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ အနုပညာမိုးကောင်းကင်
၆း၅၀ စိုက်ပျိုးဝေဆာ ဒို့မြေမှာ (မှိုစိုက်ပျိုးရေးနည်း)
၇း၀၅ Fashion Music Festival (Duet ကမ်းခြေ)
၇း၄၅ ES4E Language & Training Centre (Parents Day)
၈း၀၀ MRTV-4 သတင်း
၈း၃၀ Style ရှိမှ Star ဖြစ်မယ်
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ" (အပိုင်း-၁၈)**
၁၀း၀၀ ၂၀၀၈ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား
၁၁း၁၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ကော်ကြွက်ကွက်ကျော်"
၁၁း၄၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာထွန်းထွန်းလင်းနှင့် တွေ့ဆုံခြင်း)
၁၂း၀၅ အနုပညာမိုးကောင်းကင်
၁၂း၃၀ ဆည်မြောင်းရဲ့ အားမာန် --- ပြိုင်းချောင်းရေလှောင်တမံ
၁၂း၄၀ လုံခြုံစိတ်ချမိခင်ဘဝ (ပါမောက္ခ ဒေါက်တာ မြင့်မောင်မောင်)
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြည်ထောင်စုတစ်ဝန်း တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားအထိမ်းအမှတ် အဆောက်အအုံများ တစုတဝေးလေ့လာနိုင်မည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) အတွင်းမှ ပြည်ထောင်စုပန်းခင်းကြီးအလား ပွင့်လန်းလာခဲ့သော ပြည်နယ်နှင့် တိုင်းအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှု ပြကွက်များ။

ဧရာဝတီမြစ် စတင်ဖြစ်ပေါ်ရာ မေခ၊ မလိခ ပေါင်းဆုံသည့် မြစ်ဆုံအလှကလည်း ကချင်ပြည်နယ်၏ ကြည်နူးစရာ မြင်ကွင်းပသာဒပမာ။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

နေပြည်တော် ပြကွက်မှ ငလိုက်ဆည်ကလည်း ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုကို ပေါ်လွင်ထင်ရှားစေသည်။
ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)

မကွေးတိုင်းပြကွက်မှ ဧရာဝတီတံတား(မကွေး)က လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့နေသည်ကို ထင်ဟပ်ပေါ်လွင်စေသည်။
ဓာတ်ပုံ-အေးမင်း(သတင်းစဉ်)

ချင်းပြည်နယ်၏ မြို့တော် ဟားခါးမြို့၏ အပန်းဖြေနားနေရာများမှာ တိုင်းရင်းသားပြည်သူများအတွက် အေးမြစွာခံစားရ။
ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)

ဇာတိသွေးဇာတိမာန် ထက်သန်စေသည့် တနင်္သာရီတိုင်းပြကွက်မှ ဘုရင့်နောင်ရုပ်တုက အားမာန်အပြည့်ဖြင့်။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ရခိုင်ပြည်နယ် ပြကွက်မှ စစ်တွေပွိုင့်၏ ရှုခင်းအလှက ရခိုင်ကမ်းခြေမှ သဘာဝအနေအထားကို ပီပီပြင်ပြင် ခံစားနိုင်မည်ဖြစ်သည်။
ဓာတ်ပုံ-အေးမင်း(သတင်းစဉ်)



ရှမ်းပြည်နယ်ပြကွက်မှ အင်းလေးဖောင်တော်ဦးဘုရားကလည်း သရုပ်ဖော်ပုံ ပြရုပ်မဟုတ်ဘဲ အင်းလေးသို့ ရောက်နေသည့်အလား ခံစားရမည်ဖြစ်သည်။ *ဓာတ်ပုံ-အေးမင်း(သတင်းစဉ်)*

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုသတင်းဆောင်းပါး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထင်ဟပ်ဖော်ပြနေသော အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)

သတင်းဆောင်းပါး - မြင့်မောင်စိုး ❖ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)နှင့် ခင်မောင်ဝင်း(ကြေးမုံ) ❖ အဆင်အပြင် - ကိုမင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားများ စုပေါင်းနေထိုင်ရာ ပြည်ထောင်စုနိုင်ငံတော်ကြီးပင်ဖြစ်သည်။ ဤပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားသွေးချင်းတို့သည် ရှေးပဝေသဏီကပင် ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြရာ မျက်မှောက်ကာလတွင် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလျက် ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ ဖွံ့ဖြိုးခြင်း စသော လွတ်လပ်ရေး၏ အသီးအပွင့်များ ရရှိခံစားနေကြရပြီဖြစ်သည်။

အထူးသဖြင့် တပ်မတော်အစိုးရလက်ထက်တွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သဖြင့် ပြည်ထောင်စုတစ်ဝန်း အဘက်ဘက်မှ တိုးတက်ပြောင်းလဲခဲ့ပေပြီ။ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းလာခဲ့၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသော ကဏ္ဍများ နိုင်ငံအနှံ့ ဖြန့်ကြက်တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ထို့အပြင် အခြေခံစီးပွားရေး တိုးတက်ခိုင်မာစေရေးအတွက် ဆည်တမံ အစုအဖွဲ့များ ရာနှင့်ချီ၍ တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ဒေသတစ်ခုမှ တစ်ခုသို့ သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် မြစ်ကူးတံတားကြီးများ၊ မော်တော်ကားလမ်းများနှင့် မီးရထားလမ်းသစ်များ တည်ဆောက်ဖောက်လုပ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ဤသို့ တပ်မတော်အစိုးရလက်ထက် တိုးတက်ပြောင်းလဲလာသော မြင်ကွင်းသစ်များနှင့် ပြည်ထောင်စုတစ်ဝန်း တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားအထိမ်းအမှတ် အဆောက်အအုံများ တစုတဝေးတည်း လေ့လာနိုင်သည့် နေရာကား နေပြည်တော်၌ တည်ဆောက်ဖွင့်လှစ်မည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) ပင်ဖြစ်သည်။ ဤအမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)အား (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၁၁-၂-၂၀၁၀ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိခဲ့ရသည်။ ယင်းအမျိုးသား အထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သည် နေပြည်တော် ဇေယျာသီရိမြို့ ရေဆင်းဆည်အနီး သိုက်ချောင်းလမ်းတွင် တည်ရှိသည်။ အဆိုပါ အမျိုးသား အထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ကုမ္ပဏီ ရှစ်ခုက မြေဧရိယာ ဧက ၄၀၀ တွင် တာဝန်ယူတည်ဆောက်ခဲ့ရာ သတင်းအဖွဲ့အနေဖြင့် ထူးကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသော ကချင်ပြည်နယ်ပြကွက်များကို ဦးစွာ သွားရောက်လေ့လာခဲ့ကြသည်။

ကချင်ပြည်နယ်ပြကွက်

ယင်းအမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ သိုက်ချောင်းလမ်းမှ ဝင်ရောက်လိုက်သည်နှင့် ဦးစွာ အဝင်မုခ်ဦးကို ခမ်းနားထည်ဝါစွာ တွေ့ရပေသည်။ ထိုမှဆက်လက်၍ ဝင်ရောက်သွားသည်နှင့် ထူးကုမ္ပဏီ၏ ကချင်ပြည်နယ်ပြကွက်များကို တွေ့ရပေသည်။

ပြကွက်များအနက် ခါကာဘိုရာဇီတောင်၊ လီဆူအိမ်၊ ရဝမ်အိမ်၊ ကချင်ရိုးရာအိမ်၊ ဂျိန်းဖောရိုးရာအိမ်၊ အင်းတော်ကြီးဘုရားနှင့် အင်းတော်ကြီးအိုင်တို့ကို ဦးစွာ တွေ့ရပေသည်။ ထိုမှဆက်လက်၍ မေခနှင့် မလိခမြစ်တို့ ပေါင်းဆုံရာမြစ်ဆုံမြင်ကွင်းအလှ၊ ဧရာဝတီမြစ်ကိုဖြတ်သန်းတည်ဆောက်ထားသည့် ဗလမင်းထင်တံတား၊ ကချင်တိုင်းရင်းသားများ၏ ရုပ်တုတို့နှင့် သာယာရှုမောဖွယ် မြင်ကွင်းများအဖြစ် တည်ဆောက်ထားသည်မှာ ကချင်ပြည်နယ်သို့ ရောက်ရှိနေသည့် အလား ခံစားရသည်။

အထူးသဖြင့် ကချင်ပြည်နယ်သို့ ရောက်ခဲ့စဉ်က ဗလမင်းထင်တံတားကြီးပေါ်သို့ ဖြတ်သန်းသွားရောက်ခဲ့ဖူးသည်ကို ပြန်လည်သတိရ အောက်မေ့မိသည်။ ဤတံတားကြီးမှာ ဧရာဝတီမြစ် အနောက်ဘက်ခြမ်း မြစ်ကြီးနားမြို့နှင့် အရှေ့ဘက်ခြမ်း ဝိုင်းမော်မြို့နယ်တို့ကို ဆက်သွယ်ပေးထားပြီး ၁၉၉၈ ခုနှစ် နိုဝင်ဘာ ၁၄ ရက်က ဖွင့်လှစ်ခဲ့သော ဧရာဝတီမြစ်ကူးတံတားကြီးဖြစ်သည်။ ဤတံတားကြီး ဖွင့်လှစ်ပေးနိုင်ခဲ့၍ ယခုအခါ ကချင်ပြည်နယ်အတွင်း သွားလာရေး လွယ်ကူချောမွေ့လျက်ရှိသည်။ ဤကချင်ပြည်နယ်ပြကွက်တွင် ပူတာအိုမြို့နှင့် မြစ်ကြီးနားမြို့ ရှုခင်းများနှင့် စားသောက်ဆိုင်တို့ကိုလည်း တွေ့ရပေသည်။

ကယားပြည်နယ်ပြကွက်

ဆက်လက်၍ သတင်းခရီးသည်တို့သည် ကယားပြည်နယ်ပြကွက်သို့ ခရီးဆက်ခဲ့ကြသည်။ ကယားပြည်နယ်ပြကွက်သို့ ရောက်သည်နှင့် တောင်ကွဲစေတီကို ဦးစွာတွေ့ရသည်။ တောင်ကွဲစေတီကို ဗိသုကာလက်ရာမြောက်စွာ တည်ဆောက်ထားသည်။ ဤကယားပြည်နယ်ပြကွက်အတွင်း ကယားရိုးရာအိမ်ကိုလည်း တည်ဆောက်ထားသည်။ သာယာလှပသော ဒီမောဆိုမြို့နှင့် ဘော်လခဲမြို့ရှုခင်းများကိုလည်း သတိပြုမိသေးသည်။

ကရင်ပြည်နယ်ပြကွက်

ကယားပြည်နယ်ပြကွက်များကို နှုတ်ဆက်၍ ကရင်ပြည်နယ်ပြကွက်သို့ ဆက်လက်ခရီးဆက်ခဲ့ကြသည်။ ကရင်ပြည်နယ်ပြကွက်နှင့် တနင်္သာရီတိုင်းပြကွက်များကို Golden Flower ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်ပြကွက်တွင် ကြီးကျယ်ခမ်းနားသော ကရင်ရိုးရာ ပျဉ်ထောင်ပျဉ်ခင်းအိမ်ကြီးများကို ဦးစွာတွေ့ရသည်။ ကရင်တိုင်းရင်းသားများသည် အိမ်ကြီးအိမ်ကောင်းများနှင့် နေထိုင်လေ့ရှိသော ဓလေ့ကို လေ့လာစေ့ငုမိသည်။ သံလွင်တံတား (ဘားအံ)ပေါ်မှ ဖွဲ့ကပင်တောင်၏ အလှအပကို တွေ့ရသည်။ မာယာများသော ဖွဲ့ကပင်ဟုပင် ဆိုရလောက်အောင် အနီးတစ်မျိုး အဝေးတစ်ဖုံ ဆွဲဆောင်မှုအပြည့်အဝရှိနေသော ဖွဲ့ကပင်တောင်ပင်ဖြစ်သည်။ သံလွင်တံတား(ဘားအံ)ကို နိုင်ငံတော်အစိုးရက တည်ဆောက်ပေးနိုင်ခဲ့ခြင်းမှာလည်း ကရင်ပြည်နယ်သည် မည်သည့်ခေတ်အခါကာလနှင့်မျှ မတူအောင် တည်ငြိမ်အေးချမ်းမှုကို ဖော်ထုတ်ပြသလိုက်ခြင်းပင်ဖြစ်သည်။

သံလွင်တံတား (ဘားအံ)နှင့်အတူ မြဝတီမြို့ ရှုခင်းအလှ၊ သံလွင်မြစ်ရှုခင်း၊ ဖာပွန်-ဘားအံလမ်းတို့ကိုလည်း သဘာဝကျကျတည်ဆောက်ထားသည်။ အမျိုးသား အထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ ရောက်လျှင် ကရင်ပြည်နယ်ပြကွက်များက ကရင်ပြည်နယ်သို့ ရောက်ရှိနေသည့်အလား ခံစားရမည်မှာ အမှန်ပင် ဖြစ်ပါသည်။

ချင်းပြည်နယ်ပြကွက်

ကရင်ပြည်နယ်ပြကွက်မှအပြန် ချင်းပြည်နယ်ပြကွက်သို့ ဝင်ရောက်လေ့လာခဲ့သည်။ ချင်းပြည်နယ်ပြကွက်သို့ ဝင်လိုက်သည်နှင့် ပေ ၆၀၀၀ ကျော်အထက်က ဟားခါးမြို့ကို ပို၍ သတိရမိသွားသည်။ ဟားခါးမြို့ကို တီးတိန်-ဟားခါး-ဂန့်ဂေါ-ချောင်းဦးလမ်းတို့နှင့်အတူ လိုက်ဖက်ညီစွာ တည်ဆောက်ထားခြင်းဖြစ်သည်။ ဟားခါးမြို့အနီးတွင် ချင်းရိုးရာအိမ်ကြီးကိုလည်း နေချင့်စဖွယ် ဆောက်လုပ်ထားသည်။ ဟားခါးမြို့မှ မြောက်ဘက်သို့ ခရီးဆက်ခဲ့ရာ မင်းတပ်မြို့သို့ ရောက်ခဲ့ပြန်သည်။ ထိုမှတစ်ဖန် ချင်းပြည်နယ်၏ ကျက်သရေဆောင် ရိဒ်ရေကန်ကြီးကိုလည်း ရှုခင်းအလှအပများဖြင့် စီမံထားသဖြင့် ချင်းပြည်နယ်သို့ ရောက်ရှိနေသည့်အလား ခံစားရပေသည်။

မွန်ပြည်နယ်ပြကွက်

ချင်းပြည်နယ်ပြကွက်များကို လေ့လာခဲ့ပြီးနောက် မွန်ပြည်နယ်ပြကွက်များသို့ ဆက်လက်လေ့လာခဲ့သည်။ မွန်ပြည်နယ်ပြကွက်နှင့် ရန်ကုန်တိုင်းပြကွက်များကို အေးရှားဝေါလ်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မွန်ပြည်နယ်ပြကွက်တွင် ကျိုက်ထီးရိုးစေတီကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။ ဤပြကွက်အတွင်း မွန်ရိုးရာအိမ်များကိုလည်း သန့်ရှင်းသပ်ရပ်စွာ တွေ့ရသည်။ စက်စဲကမ်းခြေကို တည်ဆောက်ပေးထားသည်။ သံလွင်မြစ်ကူးတံတား (မော်လမြိုင်)မှာ မွန်ပြည်နယ်၏ ကျက်သရေဆောင်တံတားကြီးဖြစ်သည်။ မွန်ပြည်နယ်အတွင်း သံလွင်မြစ်ကူးတံတားကြီး တည်ဆောက်ပေးနိုင်ခဲ့၍ ဒေသနေပြည်သူများ ခရီးသွားလာရေး လွယ်ကူချောမွေ့စေခဲ့ပြီဖြစ်သည်။

ရခိုင်ပြည်နယ်ပြကွက်

မွန်ပြည်နယ်ပြကွက်မှ ရခိုင်ပြည်နယ်ပြကွက်သို့ ခရီးဆက်ခဲ့ကြသည်။ ရခိုင်ပြည်နယ်ပြကွက်နှင့် ဧရာဝတီတိုင်းပြကွက်များကို မက်(စ်)မြန်မာကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

ဤပြကွက်အတွင်း စစ်တွေမြို့ပြကွက်ကို ဦးစွာတွေ့ရသည်။ စစ်တွေမြို့ကို ကစ္ဆပနဒီတံတား၊ ကိုးသောင်းပုထိုးတော်ကြီး၊ သျှစ်သောင်းပုထိုးတော်ကြီး၊ စစ်တွေပွိုင့်ရေကန်များဖြင့် လှပစွာတည်ဆောက်ထားသည်။ စစ်တွေပွိုင့်မျှော်စင်မှ ကြည့်လျှင် ကိုးသောင်းပုထိုး၊ သျှစ်သောင်းပုထိုးများအပြင် ရခိုင်ပြည်နယ် အလှကို တွေ့ရပေသည်။ ထို့အပြင် ငပလီကမ်းခြေအလှကိုလည်း လှမ်း၍မြင်တွေ့ရသည်။

ပြကွက်တွင်ပါဝင်သည့် သျှစ်သောင်းပုထိုးတော်ကြီးကို ကောဇာသက္ကရာဇ် ၈၇၉ခု၊ အေဒီ ၁၅၃၅ ခုနှစ်တွင် ဘုရင်မင်း မဟာမြတ်ကြီး တည်ထားခဲ့ကြောင်း၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻

မန္တလေးတိုင်းပြကွက်မှ မန္တလေးနန်းမြို့ရိုးကြီးက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့ကြသည်ကို သက်သေထူလျက်ရှိသည်။

ဖွဲ့ကပင်အလှနှင့် ပန်ရနေသော သွေးချင်းတို့အတွက် သွားလာမှု လွယ်ကူစေရန် တည်ဆောက်ပေးထားသည့် သံလွင်တံတား(ဘားအံ) ပြကွက်ကလည်း ရှုမငြီးစရာ။

ကယားပြည်နယ်ပြကွက်မှ တောင်ကွဲစေတီကိုလည်း ဗိသုကာ လက်ရာမြောက်စွာ တွေ့ရသည်။

စစ်ကိုင်းတိုင်းပြကွက်မှ ချင်းတွင်းတံတား(မုံရွာ)ကိုလည်း ပြရုပ်မဟုတ်ဘဲ အမှန်တကယ် သွားလာနိုင်ရန် တည်ဆောက်ထားသည်။

ရန်ကုန်တိုင်းပြကွက်မှ လွတ်လပ်ရေးကျောက်တိုင်ကြီးက မြင့်မြင့်မားမား ငွားငွားစွင့်စွင့်။

✻ စာမျက်နှာ ၆ မှ

ယင်းပုထိုးတော်ကြီးသည် မြန်မာသာမက ကမ္ဘာမှာပါအကျော်ကြားဆုံး ပုထိုးတော်ကြီးဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

ထို့အတူ ကိုးသောင်းပုထိုးတော်ကြီးကိုလည်း ကောဇာသက္ကရာဇ် ၉၁၅ခုနှစ်၊ အေဒီ ၁၅၅၃ ခုနှစ်တွင် မင်းမဟာမြတ်ကြီး၏ သားတော် ဘုရင်မင်းတိတ်ခ တည်ခဲ့ကြောင်း၊ ယင်းပုထိုးတော်ကြီးသည် မြောက်ဦးမြို့ရှိ အထင်ရှားဆုံး ပုထိုးစေတီဖြစ်ကြောင်း သိရသည်။ ရခိုင်ပြည်နယ် ပြကွက်အတွင်း ကစ္ဆပနဒီတံတားကြီးကိုလည်းတွေ့ရသည်။ ၎င်းတံတားကိုဖြတ်ပြီး စစ်တွေမြို့၊ ကိုးသောင်းပုထိုး၊ သျှစ်သောင်းပုထိုးနှင့် စစ်တွေပွိုင့်များပြကွက်များသို့ သွားရောက်လည်ပတ်နိုင်သည်။

ရှမ်းပြည်နယ်ပြကွက်

ကချင်ပြည်နယ်ပြကွက်မှ တောင်ဘက်သို့ ဆက်လက်ဝင်ရောက်လိုက်သည်နှင့် ရှမ်းပြည်နယ်ပြကွက်များကို တွေ့ရပေသည်။ ရှမ်းပြည်နယ်ပြကွက်များနှင့် ကယားပြည်နယ်ပြကွက်များကို ဧဒင်အုပ်စုကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ရှမ်းပြည်နယ်ပြကွက်တွင် အင်းလေးကန်နှင့် ဖောင်တော်ဦးစေတီ၊ ကျိုင်းတုံမြို့ ရပ်တော်မူဘုရား၊ ပင်းတယဂူဘုရား၊ သံလွင်မြစ်ကူးတံတားများဖြစ်သည့် ကွမ်းလုံကြိုးတံတား၊ တာဆန်းတံတား၊ တာကောတံတားနှင့် တာကော်အက်တံတားတို့ကို ဦးစွာတွေ့ရသည်။ ဤတံတားများ တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် ယခုအခါ ရှမ်းပြည်နယ်တစ်ခွင် သွားလာရေးလွယ်ကူချောမွေ့လာသည်။ ယင်းတံတားများအနက် တာကော်အက်တံတားမှာလည်း တန့်ယန်း-တုံးဟုံး-တာကော်အက်လမ်းပေါ်တွင်တည်ရှိသော ဘေလီသံမဏိကြိုးဆိုင်းတံတား ဖြစ်သည်။

ထို့အပြင် ရှမ်းပြည်နယ်ပြကွက်အတွင်း ထင်းရှူးပင်များနှင့် လှပနေသော မိုင်းမောမြို့ ရှုခင်း၊ ကျွန်းပင်များနှင့် သာယာနေသည့် ပန်ဆန်းမြို့၊ ကျိုင်းတုံမြို့၊ နမ့်ဆန်မြို့၊ လားရှိုးမြို့၊ မိုင်းယန်းမြို့၊ မိုင်းလားမြို့ ရှုခင်းများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ လွိုင်လင်မြို့၊ ဟိုပန်မြို့၊ နမ့်စန်မြို့၊ အင်းလေးကန်နှင့် ဖောင်တော်ဦးစေတီ ပြကွက်များကို သာယာရှုမောဖွယ် တွေ့ရပေသည်။ ဤပြကွက်များအတွင်း ရှမ်းရိုးရာအိမ်၊ အင်းသားရိုးရာအိမ်၊ ဓနုရိုးရာအိမ်နှင့် ပအိုဝ်းရိုးရာအိမ်များကိုလည်း ရှမ်းပြည်နယ်သို့ ရောက်ရှိနေသည့်အလား ခံစားတွေ့ရှိခဲ့ရပေသည်။

နေပြည်တော်ပြကွက်

နိုင်ငံတော်အစိုးရလက်ထက်တွင် နေပြည်တော်ကြီးကို တည်ဆောက်နိုင်ခဲ့ပြီး တိုးတက် ပြောင်းလဲနေသော မြင်ကွင်းအဖုံဖုံကို ဤအမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌လည်း လေ့လာတွေ့ရှိခဲ့ရသည်။ ရေဆင်းဆည်၊ ငလိုက်ဆည်နှင့် ပေါင်းလောင်းရေလှောင်တမံတို့ကို ဤပြကွက်အတွင်း ကလေးကစားကွင်းများနှင့်အတူ တွဲဖက်တည်ဆောက်ထား၍ လာရောက် လေ့လာကြသောပြည်သူများ အပန်းဖြေ အနားယူရန်ကောင်းသည့် နေရာကောင်း တစ်နေရာဖြစ်သည်။ နေပြည်တော် ပြကွက်တွင် နေပြည်တော်၏ တိုးတက်ပြောင်းလဲလာသော ပြကွင်းပြကွက်များ စက်ခလုတ်နှိပ်၍ ကြည့်ရှုလေ့လာနိုင်သည့် နေပြည်တော်ပုံစံငယ် ပြကွက်ကို လည်း အော်ရီဂျင်နယ်ဂရု(ပ်)က တာဝန်ယူ တည်ဆောက်ပေးလျက်ရှိသည်။

စစ်ကိုင်းတိုင်းပြကွက်

စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်ပြကွက်များကို ရွှေတောင်ကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့သည်။ စစ်ကိုင်းတိုင်း ပြကွက်အတွင်းသို့ ဝင်ရောက်လိုက်သည်နှင့် စစ်ကိုင်းတောင်ရိုး၏အလှ၊ ရွှေဘိုနန်းတော်၊ ကောင်းမှုတော်ဘုရားတို့ကို ဦးစွာ တွေ့ရသည်။ ဆက်လက်၍ မုံရွာမြို့ ရှေးမြန်မာအိမ်၊ လေရှီးနှင့် နာဂရိုးရာအိမ်များကိုလည်း တွေ့မြင်ရသည်။

ချင်းတွင်းမြစ်၊ ချင်းတွင်းတံတား၊ ဆင်ဖြူရှင်တံတားတို့ကိုလည်း ဤပြကွက်အတွင်း ထည့်သွင်းတည်ဆောက်ထားရာ စစ်ကိုင်းတိုင်းအတွင်း သွားလာမှုအဆင်ပြေစေရန် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနိုင်ခဲ့မှုကို ဖော်ထုတ်ပြသလိုက်ခြင်းပင်ဖြစ်သည်။

စစ်ကိုင်းတိုင်းပြကွက်အတွင်း သဖန်းဆိပ်ရေလှောင်တမံကြီးကိုလည်း ထည့်သွင်းတည်ဆောက်ထားသည်။ စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံကို ၂၀၀၁ခုနှစ် မေ ၁၇ရက်က ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းရေလှောင်တမံကြီးသည် မြန်မာနိုင်ငံတွင် အကြီးဆုံး၊ အရှေ့တောင်အာရှတွင် အရှည်ဆုံး ရေလှောင်တမံဖြစ်ပြီး တမံအလျား ၂၂၅၈၇ ပေရှိသည်။ သဖန်းဆိပ်ရေလှောင်တမံကြီးသည် စိုက်ပျိုးမြေလယ်မြေဧက ငါးသိန်းကျော်ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်သည်။ ဤရေလှောင်တမံကြီး တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် ယခုအခါ ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး၊ ဒီပဲယင်း၊ ဘုတလင်၊ ဝက်လက်နှင့် အရာတော်မြို့နယ်များတွင် မိုးစပါး၊ နွေစပါးများ စိုက်ပျိုးနိုင်ကြပြီဖြစ်သည်။

တနင်္သာရီတိုင်းပြကွက်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် တောင်တန်းကြီးများ၊ ကျွန်းစုများဖြင့် သာယာလှပနေသော တနင်္သာရီကို အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)မှာ အံ့သြခြင်းများစွာဖြင့် တွေ့လိုက်ရပါပြီ။

ပဲခူးတိုင်းပြကွက်မှ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထင်ဟပ်ပြသထားသည့် ကမ္ဘောဇသာဒီရွှေနန်းတော်။

မြိတ်မြို့တစ်ဖက်ကမ်း ပထော်ပထက်တောင်ခြေရှိ လျောင်းတော်မူ မြတ်စွာဘုရားကို ဦးစွာကြည်ညိုဖွယ်ဖူးတွေ့ရသည်။ ပုလဲကျွန်း၏ မြင်ကွင်းအလှ၊ မောင်းမကန်ကမ်းခြေနှင့် သာယာလှပနေသော ထားဝယ်မြို့ရှုခင်း၊ ဇာတိသွေးဇာတိမာန်ကို နိုးကြားထက်သန်စေသော ကော့သောင်းမြို့ရှိ ဘုရင့်နောင်ရုပ်တုနှင့် ဘုရင့်နောင်အငူ၊ ပြီးတော့ ကော့သောင်းမြို့၏ ရှုခင်းစသော သဘာဝရှုခင်းများကို ပဏာရစွာ တည်ဆောက်ထားသဖြင့် တစ်ကြိမ်ရောက်ပြီးလျှင် နောက်တစ်ကြိမ်လာရောက်လည်ပတ်လိုကြမည်မှာ အမှန်ပင် ဖြစ်ပါ၏။

ပဲခူးတိုင်းပြကွက်

ထိုမှဆက်လက်၍ ပဲခူးတိုင်းပြကွက်သို့ ဝင်ခဲ့သည်။ ပဲခူးတိုင်းပြကွက်နှင့် နေပြည်တော်ပြကွက်များကို အော်ရီဂျင်နယ်ဂရု(ပ်)က တာဝန်ယူတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ပဲခူးတိုင်းပြကွက်အဝင်တွင် စစ်တောင်းတံတားနှင့် ကမ္ဘောဇသာဒီရွှေနန်းတော်တို့ကို ဦးစွာတွေ့ရပေသည်။ ယင်း၏နောက်တွင် ရွှေမော်ဓောဘုရားနှင့် ရွှေသာလျောင်းဘုရားတို့ကိုလည်း ကြည်ညိုဖွယ်ရာဖူးတွေ့ရသည်။ ထို့အပြင် နဝဒေးတံတား၊ စစ်တောင်းမြစ်၊ ပဲခူးမြို့ရှုခင်း၊ ပဲခူးရိုးမအလှ၊ ရိုးရာအိမ်များကိုလည်း ရှုချင်စဖွယ် တည်ဆောက်ထားသည်။ ပဲခူးတိုင်းပြကွက်တွင် ကလေးကစားကွင်းပါ ထည့်သွင်းတည်ဆောက်ထားသည်။

ရောဝတီတိုင်းပြကွက်မှ ကြည်ညိုဖွယ် မြတ်မော်တင်စေတီတော်။

မကွေးတိုင်းပြကွက်

မကွေးတိုင်းပြကွက်များကို ကေ ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မကွေးတိုင်းပြကွက်သို့ ရောက်သည်နှင့် မကွေးမြသလွန်ဘုရားကို ဧရာဝတီမြစ်ကူးတံတား (မကွေး)နှင့်အတူ ပန်းရလျက် ဖူးတွေ့ရလေသည်။ အနော်ရထာတံတား(ချောက်)ကိုလည်း မန်းရွှေစက်တော်ဘုရားနှင့်အတူ လှပစွာ တည်ဆောက်ထားသည်။ မကွေးမြို့ တစ်ဖက်ကမ်း မင်းဘူးမြို့အနီးမှ နဂါးပွက်တောင်ကဲ့သို့ပုံစံတူ ပြုလုပ်ထားသည်မှာလည်း အံ့သြစရာကောင်းလှ၏။

မကွေးမြို့ရှုခင်း၊ ပုသိမ်-မုံရွာလမ်း၊ မကွေး-နေပြည်တော်လမ်း၊ မကွေး-ချောက်လမ်းများကိုလည်း သစ်ပင်ပန်းမန်အလှပင်များဖြင့် အကောင်းဆုံးပြုလုပ်ထားသည်ကို တွေ့ရသည်။ ကေ ကုမ္ပဏီက မကွေးတိုင်းပြကွက်သာမက မန္တလေးတိုင်းပြကွက်ထဲမှ ရွှေစည်းခုံ၊ တန့်ကြည့်တောင်၊ တုရင်တောင်နှင့် လောကနန္ဒာဘုရားတို့ပါဝင်သည့် စွယ်တော်လေးဆူပြကွက်ကိုလည်း တာဝန်ယူတည်ဆောက်ပေးခဲ့သည်။ ထို့အပြင် ပုဂံနန်းတော်ကြီးကိုလည်း ဤပြကွက်အတွင်း ခမ်းနားထည်ဝါစွာ တည်ဆောက်ထားသည်။

မန္တလေးတိုင်းပြကွက်

ထိုမှဆက်လက်၍ မန္တလေးတိုင်းပြကွက်သို့လည်း အပြေးအမြန်ဝင်ရောက်ကြည့်ရှုခဲ့သေးသည်။ မန္တလေးတိုင်းပြကွက်များကို ဧရာရွှေဝါဆောက်လုပ်ရေးကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဤပြကွက်အတွင်း မြနန်းစံကျော်ရွှေနန်းတော်၊ ကျုံးမြို့ရိုး၊ နန်းမြင့်မျှော်စင်၊ သမိုင်းကျောက်စာတိုင်၊ မန္တလေးနန်းတွင်းပုံစံငယ် ပြကွက်၊ မိတ္ထီလာမြို့၊ မိုးကုတ်မြို့နှင့် မန္တလေးတောင်ပြကွက်များပါဝင်သည်။

ပို၍ထင်ရှားသော အဆောက်အအုံများမှာ ဧရာဝတီတံတား(ရတနာပုံ)၊ ပုပ္ပားတောင်ကလပ်၊ ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းတို့ဖြစ်သည်။ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် မန္တလေးမြို့အရှေ့တောင်ဘက် ၃၁ မိုင်အကွာတွင် တည်ရှိသည်။ ဤရေအားလျှပ်စစ်စီမံကိန်းသည် မြန်မာနိုင်ငံ၏ အကြီးဆုံးရေအားလျှပ်စစ်စီမံကိန်းဖြစ်ပြီး တစ်နှစ်ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ထုတ်လုပ်ပေးနိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းပင် ဖြစ်သည်။

ဤပြကွက်တွင် ရှေးမြန်မာအိမ်ကြီးတစ်လုံးကိုလည်းတွေ့ရသည်။ ယင်းအိမ်ကြီးမှာ ကင်းဝန်မင်းကြီး၏ အိမ်ပုံစံအတိုင်း တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။ အိမ်ကြီးတွင် ထုပ်၊ လျောက်၊ ဆင့်တို့ကို သံမသုံးဘဲ သစ်သားစို့များဖြင့် ရှေးခေတ်လက်ရာအတိုင်း တည်ဆောက်ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းပြကွက်

မန္တလေးတိုင်းပြကွက်အပြန်မှ ရန်ကုန်တိုင်းပြကွက်သို့ ရောက်ခဲ့သည်။ မြို့တော်ခန်းမနှင့် လွတ်လပ်ရေး ကျောက်တိုင်တို့ကို သဘာဝကျကျ တည်ဆောက်ထားသည်။ လွတ်လပ်ရေးကျောက်တိုင်သည် မြန်မာနိုင်ငံ၏ ပြည်ထောင်စုကြီး အစွန့်ရှည်ရေး ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့သည့် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုများ၏ စည်းလုံးညီညွတ်မှုကို သက်သေပြနေခြင်းပင်ဖြစ်၏။

ထို့အတူ သစ်လွင်လှပနေသော ရန်ကုန်မြို့တော် ခန်းမကြီးမှာလည်း ၁၉၈၈ ခုနှစ်နောက်ပိုင်း တိုးတက်ပြောင်းလဲလာနေသော ရန်ကုန်မြို့ကို ထင်ဟပ်ဖော်ပြနေခြင်းဖြစ်သည်။ အထူးသဖြင့် ရန်ကုန်မြို့ကြီးသည် တစ်ချိန်ကနှင့် မတူတော့ အဘက်ဘက်မှ တိုးတက်ပြောင်းလဲခဲ့ပေပြီ။ မြို့တွင်း၌ မိုးမျှော်တိုက်တာများ တိုးတက်များပြားလာသကဲ့သို့ ဆင်ခြေဖုံးရပ်ကွက်များမှာလည်း လမ်းများ၊ နေအိမ်တိုက်တာများ အံ့မခန်း တိုးတက်နေသည်ကို အောက်မေ့မိသည်။ ဤသို့ တိုးတက်ပြောင်းလဲနေခြင်းမှာလည်း တည်ငြိမ်အေးချမ်းမှု အကျိုးဆက်ပင်ဖြစ်၏။ ရန်ကုန်တိုင်းပြကွက်အတွင်း ပန်းအလှပင်များ စိုက်ပျိုးထားသည်မှာ ကြည်နူးဖွယ်ရာပင် ဖြစ်ပါသည်။ ရန်ကုန်မြို့တော်ခန်းမ၏ အနောက်ဘက်တွင် ရွှေရောင်တဝင်းဝင်းနှင့် ရွှေတိဂုံစေတီတော်ကို ကြည်နူးဖွယ်ရာ ဖူးတွေ့ရသည်။ ဤရွှေတိဂုံစေတီတော်မြတ်ကြီးသည် ပွင့်တော်မူပြီးသော ဘုရားလေးဆူ၏ ဓာတ်တော်များ ကိန်းအောင်းရာ စေတီတော်ကြီးပင်ဖြစ်သည်။ နေပြည်တော် အမျိုးသား အထိမ်းအမှတ်ဥယျာဉ်ကြီးအတွင်း ရွှေတိဂုံစေတီတော်ကြီး ထည့်သွင်းတည်ထားကိုးကွယ်ခြင်းမှာ လာရောက်လည်ပတ်သူ ပြည်သူများအနေဖြင့် ခရီးသွားအပန်းဖြေရုံသာမက ကုသိုလ်ထူးများ ပါရှိစေမည်မှာ အမှန်ပင်ဖြစ်သည်။

ရောဝတီတိုင်းပြကွက်

ဧရာဝတီတိုင်းပြကွက်တွင် မော်တင်စွန်းဘုရား၊ မော်တင်စွန်းရေကန်၊ ငွေဆောင်ကမ်းခြေ၊ ငဝန်မြစ်ကူးတံတား၊ ဗိုလ်မြတ်ထွန်းတံတားနှင့် ပုသိမ် Food Shop တို့ကို တည်ဆောက်ထားသည်မှာ သာယာရှုမောဖွယ်ဖြစ်သည်။

မော်တင်စွန်းနှင့် မော်တင်စွန်းရေကန်တို့သည် ပုသိမ်မြို့ အနောက်တောင်ဘက် ဟိုင်းကြီးကျွန်းဒေသ၌ တည်ရှိသည်။ ကုန်းလမ်းနှင့် ရေလမ်းတို့ဖြင့် သွားရောက်ရသော မော်တင်စွန်းဘုရားကို ဤအမျိုးသား အထိမ်းအမှတ်ဥယျာဉ်ကြီးအတွင်း ထည့်သွင်းကိုးကွယ်ထားသည်မှာ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖

မွန်ပြည်နယ်ပြကွက်မှ နေချင့်စဖွယ် မွန်ရိုးရာအိမ်။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု ဆောင်းပါး

စည်းလုံးညီညွတ်မှုဖြင့် တည်ဆောက်ကြရမည့် နိုင်ငံတော်သစ်ဆီသို့

ကိုသာယာ

မိမိတို့မြန်မာနိုင်ငံသည် အတိတ်သမိုင်းတစ်လျှောက် နှစ်ပေါင်းထောင်ချီ၍ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ လက်တွဲရပ်တည် နေထိုင်ခဲ့ကြသဖြင့် ကမ္ဘာ့အလယ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟူ၍ ဂုဏ်ဒြပ်ထည်ဝါတည်တံ့ခဲ့ပေသည်။ ရှေးဘုရင်များလက်ထက်မှ ယခုအချိန်ထိ တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းအားဖြင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံအေးချမ်းသာယာရေးအတွက် လက်တွဲကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည်။ သို့သော်လည်း နယ်ချဲ့တို့၏ သွေးထိုးစည်းရုံးမှု၊ လက်နက်အားကိုးအနိုင်ကျင့်မှု၊ အင်အားဖြင့် ခြိမ်းခြောက်ကျူးကျော်မှုတို့ကြောင့် မဝေးသောအတိတ်တစ်ချိန်က တိုင်းတစ်ပါးလက်အောက်သို့ ကိုလိုနီအဖြစ် ကျရောက်ခဲ့ရသည်မှာ တစ်ခါဆို ဆိုသလောက် ခါးသီးရင်နင့်စွာခံစားခဲ့ကြရပြီးဖြစ်လေသည်။ နိုင်ငံအမွေအနှစ် အရင်းအမြစ် မြောက်မြားစွာ ဆုံးရှုံးခဲ့ပြီး မိမိတို့တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည်လည်း ဆင်းရဲဒုက္ခမျိုးစုံ ကြုံတွေ့ခဲ့ရသည်။ ၎င်းတို့ပေးခဲ့သည့် ဆိုးမွေများကြောင့် ယခုထက်တိုင် ပြည်တွင်းဆူပူ သောင်းကျန်းမှုဒဏ်ကို ခံစားနေကြရဆဲဖြစ်သည်။ ပြည်ထောင်စုပြိုကွဲရေး ပယောဂဆိုးတို့ကို ရင်ဆိုင်ဖြေရှင်းနေရဆဲဖြစ်သည်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများစုစည်း၍ သမိုင်းအစဉ်အဆက် အေးအတူပူအမျှ နေထိုင်လာခဲ့ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ တိုင်းရင်းသားအားလုံး၏ စိတ်ဓာတ်နှင့် ခွန်အားသည် နိုင်ငံ၏အားဖြစ်သည်။ ခေတ်အဆက်ဆက် စည်းလုံးညီညွတ်သော ပြည်ထောင်စုအဖြစ် ထာဝစဉ်ရပ်တည်နိုင်အောင် ကြိုးစားတည်ဆောက်ခဲ့ရသည်မှာ လွယ်ကူသည့်ဖြစ်စဉ်မဟုတ်ခဲ့ပါ။ ပြည်တွင်းပြည်ပ အဖျက်အမှောင့် အန္တရာယ်အသွယ်သွယ်ကို ရင်ဆိုင်တွန်းလှန်၍ ခက်ခက်ခဲခဲ တည်ဆောက်လာနိုင်ခဲ့ကြသဖြင့် ယနေ့လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ထည်ဝါခိုင်မြဲစွာ ရပ်တည်နေနိုင်ခြင်း ဖြစ်ပါသည်။

အတိတ်သမိုင်း၏ ခါးသီးရင်နင့်ဖွယ် အတွေ့အကြုံများသည် အနာဂတ်အတွက်ယူရမည့် သင်ခန်းစာများဖြစ်သည်။ ထိုကဲ့သို့ အဖြစ်ဆိုးများ ထပ်မံမကြုံတွေ့ကြရအောင် တားဆီးကာကွယ်ရေးသည် အရေးအကြီးဆုံးသောအမျိုးသားရေးတာဝန်ကြီးတစ်ရပ်လည်းဖြစ်



ပေသည်။ ယနေ့ကမ္ဘာကြီး၌ ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ရေးကို ဦးတည်နေကြသော်လည်း လက်တွေ့တွင်မူ ကြီးနိုင်ငယ်ညှဉ်းလုပ်ရပ်များ၊ ကျူးကျော်ရန်စမှုများ၊ ဝင်ရောက်စွက်ဖက်မှုများ၊ အင်အားသုံး အနိုင်ကျင့်မှုများရှိနေဆဲဖြစ်သည်မှာ မငြင်းနိုင်ပေ။ အထူးသဖြင့် အင်အားကြီးနိုင်ငံကြီးများသည် ဖွံ့ဖြိုးတိုးတက်စနိုင်ငံငယ်လေးများအပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်နိုင်ရေး၊ ဗိုလ်ကျစိုးမိုးနိုင်ရေး လုပ်ဆောင်နေကြသည်ကို ယနေ့ ကမ္ဘာ့ဖြစ်ရပ်များက သက်သေပြလျက်ရှိပေသည်။

မိမိတို့မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက် နှစ်ပေါင်း ၁၀၀ ကျော် ကျရောက်ခဲ့ပြီးနောက် တိုင်းရင်းသားပြည်သူလူထု၏ အသက်သွေးချွေးမြောက်မြားစွာ ရင်းနှီးပေးဆပ်ကာ လွတ်လပ်ရေးကို ပြန်လည်ရယူခဲ့ရသည်။ လွတ်လပ်ရေးရပြီးသော်လည်း နယ်ချဲ့တို့၏ သွေးခွဲမှုအမွေဆိုးကြောင့် စည်းလုံးညီညွတ်မှုမရှိခဲ့ဘဲ လက်နက်ကိုင်သောင်းကျန်းမှုမျိုးစုံဖြင့် ပြန်လည်စတင်ခဲ့ရသည်။ ဆူပူသောင်းကျန်းမှုများရှိနေခြင်းကြောင့် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကိုသာ ဦးစားပေးတည်ဆောက်ခဲ့ရသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ကျယ်ပြန့်စွာ မဆောင်ရွက်နိုင်ခဲ့ပေ။ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှု သက်ဆိုးရှည်ခဲ့သည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အလှမ်းဝေးခဲ့ပြီး နိုင်ငံ၏စီးပွားရေး ကျဆင်းလာခဲ့ရပေသည်။

ထို့ပြင် မိမိတို့နိုင်ငံသည် သဘာဝအရင်းအမြစ် ပေါကြွယ်ဝပြီး ပထဝီနိုင်ငံရေးအရ အချက်အချာကျနေသဖြင့် ပြည်ပအင်အားကြီးနိုင်ငံများ မျက်စိကျစရာဖြစ်နေသည်။ ထို့ကြောင့်လည်း မိမိတို့နိုင်ငံကို လွှမ်းမိုးခြယ်လှယ်နိုင်ရန်၊ ကြိုးကိုင်အုပ်စိုးနိုင်ရန် အတိတ်သမိုင်းတစ်လျှောက်လုံး ဆောင်ရွက်ခဲ့ကြသည်။ ယနေ့လည်း ဆောင်ရွက်နေဆဲဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာနေလျှင်၊ တပ်မတော်နှင့် ပြည်သူ ကြည်ဖြူစွာ လက်တွဲနေနိုင်လျှင် နိုင်ငံမပြိုကွဲ မပျက်စီးနိုင်ပေ။ ထို့ကြောင့် ယနေ့အခါ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အင်အားစုများက တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲရန်နှင့် တပ်မတော်နှင့် ပြည်သူအကြား အထင်အမြင်လွဲမှားမှုများဖြစ်လာစေရန် နည်းမျိုးစုံဖြင့် သွေးခွဲသပ်လျှိုလုပ်ဆောင်လာကြသည်မှာ တိုင်းရင်းသားပြည်သူအားလုံး သတိထားရမည့် အန္တရာယ်ပင်ဖြစ်သည်။

လွတ်လပ်ရေးရပြီးစ မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့ပါသေးသည်။ သို့သော်လည်း ပါတီအချင်းချင်း၊ ခေါင်းဆောင်အချင်းချင်း မသင့်မမြတ်နှင့် စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုမရှိခဲ့ကြပေ။ မိမိပါတီ၊ မိမိအဖွဲ့အစည်း၊ မိမိခေါင်းဆောင် အာဏာရရှိရေးကိုသာ ဦးတည်ဆောင်ရွက်ခဲ့ကြသဖြင့် ပြည်သူလူထု ဒုက္ခမျိုးစုံ ကြုံတွေ့ခဲ့ရသည့်သမိုင်းကြောင်း သက်သေများ အထင်အရှားဖြစ်သည်။ အာဏာရရှိရေး ဦးတည်ချက်ဖြင့်သာ လုပ်ဆောင်လာကြသဖြင့် အကွဲကွဲအပြားပြားဖြစ်လာခဲ့ကြပြီး တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမှုပျက်ပြားကာ နိုင်ငံတော်ပြိုကွဲပျက်စီးတော့မည့် အခြေအနေကို အကြိမ်ကြိမ်ရင်ဆိုင်ခဲ့ကြရသည့် အတိတ်သမိုင်းမှာ မေ့ကောင်းစရာ မဟုတ်သည့်အပြင် သင်ခန်းစာယူစရာလည်း အမှန်ပင်ဖြစ်ပါသည်။ မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ မိမိတို့ကဲ့သို့ ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံအဖို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်သည် အနာဂတ်အတွက် အလွန်အရေးကြီးကြောင်း အတိတ်ဖြစ်စဉ်များက ပြောပြလျက်ရှိသည်။

သမိုင်းကိုပြန်ကြည့်လျှင် တပ်မတော်၏အရေးပါမှုကိုလည်း တွေ့မြင်ရပေသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အချင်းချင်း မညီမညွတ် တိုက်ကြခိုက်ကြ သတ်ကြဖြတ်ကြဖြစ်နေပြီး ပြည်တွင်းစစ်မီးတောက်လောင်တော့မည့်အချိန်မျိုး၊ နိုင်ငံတော်မှ ခွဲထွက်ရန်အရေးဆိုပြီး နိုင်ငံတော်ပြိုကွဲပျက်စီးတော့မည့် အခြေအနေမျိုး၊ အင်အားကြီးနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုခံရတော့မည့် အခြေအနေဆိုးမျိုးနှင့် ကြုံတွေ့လာလေတိုင်း တပ်မတော်ကပင် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ရသည်။ နိုင်ငံ့တာဝန်ကို ယူခဲ့ရသည်။တပ်မတော်သားအမြောက်အမြား အသက်သွေးချွေးပေးဆပ်ခဲ့ရသည်။အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံတော်တည်တံ့ခိုင်မြဲရေးကို အမျိုးသားရေးတာဝန်အဖြစ် ကာကွယ်စောင့်ရှောက်ခဲ့ရသည်။

တပ်မတော်သည် ပြည်တွင်းပြည်ပ အဖျက်အမှောင့် ပယောဂရန်စွယ်များကို တွန်းလှန်ကာကွယ်ရခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ရခြင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် အချုပ် အခြာအာဏာပိုင်ဆိုင်မှုကို ကာကွယ်စောင့်ရှောက်ရခြင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရခြင်း စသည့် ခက်ခဲမြင့်မြတ်သော လုပ်ငန်းများကို မနားမနေ ဆောင်ရွက်ခဲ့သည်မှာ အမှန်တရားများပင် ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုဆိုသည်ကို နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု မရှိလျှင် မည်ကဲ့သို့လုပ်ဆောင်၍ ရပါမည်နည်း။ လုပ်သမျှ ဖျက်ခဲ့ကြသည့် အဖျက်သမားရှိခဲ့၊ ရှိနေဆဲဖြစ်ကြောင်း အားလုံးအသိပင်။ ယနေ့အချိန်ထိ အဖျက်အမှောင့်သောင်းကျန်းသူများ၏ ဗုံးခွဲတိုက်ခိုက်မှု၊ မီးရထားလမ်း၊ လမ်းတံတား၊ တာဝါတိုင်များ၊ စက်ရုံအလုပ်ရုံများ၊ လူစည်ကားရာနေရာများတွင် ဖောက်ခွဲဖျက်ဆီးနေခြင်းများသည် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် အတားအဆီး အနှောင့်အယှက်များပင် ဖြစ်ပါသည်။

ထို့ကြောင့်လည်း လက်ရှိတပ်မတော်က တာဝန်ယူခဲ့ရသည့် ကာလများအတွင်း အဘက်ဘက်က ယိုယွင်းပျက်စီးနေသည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်များကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ အချိန်ယူကြိုးပမ်းတည်ဆောက်ခဲ့သည်။ ခိုင်မာသော အခြေခံအုတ်မြစ်များကို ဖန်တီးခဲ့ရသည်။ အခက်အခဲ အဖျက်အမှောင့် အမျိုးမျိုးကြားမှ ကြိုးစားလုပ်ဆောင်နိုင်ခဲ့သည်မှာ ငြင်းစရာမရှိပါ။ တကယ်တော့ နိုင်ငံကိုလက်ရှိအခြေအနေလောက် ရောက်အောင်လုပ်ရန်မှာ အပြောလွယ်သလောက် အလုပ်ခက်လှပါသည်။ အစိုးရလုပ်သမျှ အကောင်းမမြင်သည့် အဖွဲ့များကလည်း အမျိုးသားအကျိုးစီးပွားဟူသောအမြင်ဖြင့် မကြည့်နိုင်ကြဘဲ အရာရာကိုပျက်အောင် ဖျက်ချင်သည့်အရင်းခံဖြင့်သာ လုပ်ခဲ့ကြသည်မှာ လက်တွေ့ပင်ဖြစ်သည်။ နိုင်ငံအေးချမ်းသာယာဖွံ့ဖြိုးရေးအတွက် ကူညီပံ့ပိုးမှု၊ ပူးပေါင်းဆောင်ရွက်မှု မရှိသလောက်ပင်၊ အမျိုးသားအကျိုးစီးပွားကို မျက်ကွယ်ပြု၍ ၎င်းတို့အာဏာရရှိရေးကိုသာ ဦးတည်ပြီး တစိုက်မတ်မတ် လုပ်ဆောင်နေကြသည်ကို တွေ့ရပေသည်။

သို့သော်လည်း တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ပြီး အခြေခံကောင်းများ အတိုင်းအတာတစ်ခုအထိ ပြည့်စုံလာသည့်အခါ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေသော ပါတီစုံဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရန် ရည်မှန်းချက်အတိအကျဖြင့် မူဝါဒချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ကြောင့် လက်ရှိအခြေအနေသည် နိုင်ငံတော်ရှေ့ခရီးအတွက် အလွန်အရေးကြီးသည့် အချိန်အခါဖြစ်နေပေသည်။ ဒီမိုကရေစီနိုင်ငံတော်သစ် ခရီးအစကိုလှမ်းရန် ပြင်ဆင်နေပြီဖြစ်ရာ မိမိတို့ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် အနာဂတ်နိုင်ငံတော်အတွက် တစည်းတလုံးတည်း တက်ညီလက်ညီလှမ်းချီရမည့် အချိန်ဖြစ်နေသည်။ စည်းလုံးညီညာမှုဖြင့် နိုင်ငံတော်သစ်ကို တည်ဆောက်ကြရမည့် အချိန်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် သာယာလှပသော နိုင်ငံ့အနာဂတ်ကို ဖန်တီးကြရမည့်အခါလည်း ဖြစ်နေပေသည်။

ဒို့ပြည်ထောင်စုနိုင်ငံ

▲ သွေးချင်းညီနောင်၊ မြန်ပြည်သားတို့
မခြားစိတ်ဝမ်း တည်ကြတယ်။
▲ ပြည်ထောင်စုကို၊ အစွန့်ရှည်အောင်ပြုဖို့
ဥပမာထင်းစည်း တုယူကွယ်။
▲ အချုပ်အခြာ၊ တည်စွာမြဲဖို့
နိုင်ငံသားတို့ စောင့်ထိန်းမယ်။
▲ ဘိုးဘေးအစဉ် သခင်မျိုးတို့
မြန်ပြည်အကျိုးသယ်ပိုးတယ်။
▲ ကယား၊ ကရင်၊ ဗမာ၊ ကချင်၊ ရှမ်းနှင့်
ချင်းမွန်ရခိုင်စိတ်ဝမ်းညီလှတယ်။
▲ ပြည်ထောင်စုလေ့၊ ရွက်စုံဖွင့်လို့
တက်ကုန်ဆင့်လို့ လော်ကြမယ်။
▲ ရည်ရွယ်ပန်းတိုင်၊ ရောက်အောင်သွားစို့
မြန်မာပြည်သားတို့ ချီကြမယ်။
▲ ပန်းဥယျာဉ်ဝယ်၊ ပန်းစုံပွင့်သို့
ပြည်ထောင်စုကြီး ဂုဏ်တင့်ကြွယ်။
▲ မော်ကွန်းသစ်ချီ၊ ကမ္ဘာတည်သရွေ့
မြန်မာဟေ့လို့ တည်တံ့ထည်
တည်တံ့တကယ်၊ တည်တံ့မယ်။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက် -

နေမင်းကိုကို(ရွှေ)

တစ်ဖက်ကလည်း အဖျက်အ
မပျက်ပျက်အောင် ဖျက်နေကြသည်။
အတွက် လုပ်နေကြသည်ကို တွေး
လိုအပ်သည်ဟု ထင်မိပါသည်။ မိမိတို့
ကို မလိုလားဘဲ ၎င်းတို့အလိုကျဖြစ်
နေကြသည့် နောက်ကွယ်မှ ပြည်ပ
လှယ်မှုကို သတိထားရှောင်ရှားကြရန်
အလိုလိုက်အကြိုက်ပေးပြီး ချီးမြှင့်
ခြောက်အကျပ်ကိုင်မှု အသွယ်သွယ်
စိတ်ကြိုက် ခြယ်လှယ်နိုင်မည့်အခွ
သတိတရားဖြင့် ကြည့်ရှုရှောင်ရှားနိုင်
အရေးကြီးလှပါသည်။

မကြာမီကာလတွင် ဒီမိုကရေစီ
ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ပြည်သူတစ်ရပ်လုံးအနေဖြင့် ရည်မှန်းချ
သတိတရားရှိကြရမည့် အချိန် ဖြစ်
အပေါ် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊
လှုံ့ဆော်စွက်ဖက်နေသူများ၏ စိတ်
အရေးကြီးပါသည်။ အလားတူ
မြှောက်ပင့်ပေးထားသူများ၏ လုပ်
စရာပင်ဖြစ်သည်။မည်သူတွေက မည်
နေကြသည်ကို ပကတိအရှိတရားမျ
ရမည်သာ ဖြစ်သည်။ အရေးကြီးဆုံးမှ
အမှန်လုပ်ကိုင်ဆောင်ရွက်ကြမည့်
ဖော်ဆောင်နိုင်ကြမည့်သူများကို မှ
သည်။

အဖျက်အမှောင့် အန္တရာယ်အ
နိုင်မည့်အင်အားသည် တိုင်းရင်
ဖြစ်သည်။ လက်ချောင်းလေးများ ပေါင်
ပြည့်ဝသော လက်သီးဖြစ်လာနိုင်သ
မှီတင်းနေထိုင်ကြသော တိုင်းရင်းသား
သည်သာ တိုင်းပြည်၏ အင်အားအ
လျော့နည်းအားပျော့လာလျှင် တိုင်းပြ
သာဖြစ်သည်။ တစ်စစီဆွဲထုတ်၊ တ
ပြေသကဲ့သို့ အင်အားချည့်နဲ့မည့်အဖြစ်
မည်။ ယနေ့ကမ္ဘာ့နိုင်ငံအများအပြား
ဆိုးကျိုးများမှာ ထင်ရှားသည့် သာဓက
နေလျှင် အင်အားရှိမည်။ ပြေလျော့သွ
စည်းလုံးညီညွတ်မှုပြိုကွဲလျှင် တိုင်းပြည်
မည်သာ ဖြစ်သည်။

ထို့ကြောင့်လည်း ဒီမိုကရေစီခရီး
အေးချမ်းမှုပျက်ပြားရေး၊ မတည်မငြိမ်
ဆန့်ကျင်ဘက်အဖွဲ့များက ဘက်ပေါ
ပြည်သူလူထုအကြား မညီညွတ်အော
သွေးထိုးမှုများ ရှိနေကြသည်။ ထို့ပြင်
သပ်လျှိုမှုများလည်း ရှိနေပြန်သည်။
ပြိုကွဲရေးကို နည်းမျိုးစုံဖြင့် သွေးထိုး လှ
လုပ်နေကြသည်ကို တွေ့နိုင်ပေသည်။
တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အ
အတွက် အရေးကြီးသည့် ကာ
တပ်မတော်သည် နိုင်ငံတော်အတွက်
ကာကွယ်စောင့်ရှောက်ပေးနေသည့် ခံ

မည်သည့်နိုင်ငံတွင်မဆို
မှာ အနည်းနှင့်အများ ရှိ
ကိုယ့်နိုင်ငံ ပြည်တွင်းရေးကို
ဖြေရှင်းနိုင်ကြသကဲ့သို့
ဝင်ရောက်ဖြေရှင်းဆောင်ရွ
ရှိနေသည်ကိုတွေ့ရ။ ပြည်
များကြောင့် ပြည်သူလူထု
အဖြစ်အပျက်များမှာ ယနေ့
အပြားရှိနေ။ မိမိပြည်
ဘာသာ ဖြေရှင်းနိုင်ခြင်း
အမှန်ကန်ဆုံးနည်းလမ်းဖြ

တစ်ဖက်ကလည်း အဖျက်အမှောင့်သမားများက ထိုခရီးကို မပျက်ပျက်အောင် ဖျက်နေကြသည်။ မည်သူတွေက မည်သည့်အကျိုးအတွက် လုပ်နေကြသည်ကို တွေးခေါ်သုံးသပ်ဆောင်ရွက်ကြရန် လိုအပ်သည်ဟု ထင်မိပါသည်။ မိမိတို့ နိုင်ငံ၏ ကောင်းရာ ကောင်းကျိုးကို မလိုလားဘဲ ၎င်းတို့အလိုကျဖြစ်စေရန် တီးကွက်ဖော် ကကြိုးဆင်နေကြသည့် နောက်ကွယ်မှ ပြည်ပနိုင်ငံကြီးများ၏ ကြိုးကိုင်ခြယ်လှယ်မှုကို သတိထားရှောင်ရှားကြရန် အလွန်အရေးကြီးပေသည်။ အလိုလိုက်အကြိုက်ပေးပြီး ချီးမြှင့်မြှောက်ပင့်မှု နည်းမျိုးစုံ၊ ခြိမ်းခြောက်အကျပ်ကိုင်မှု အသွယ်သွယ်တို့ဖြင့် ပြည်တွင်းရေးကို ၎င်းတို့စိတ်ကြိုက် ခြယ်လှယ်နိုင်မည့်အခွင့်အရေး ဖန်တီးနေကြခြင်းကို သတိတရားဖြင့် ကြည့်ရှုရှောင်ရှားနိုင်ရေးသည် နိုင်ငံ့အနာဂတ်အတွက် အရေးကြီးလှပါသည်။

မကြာမီကာလတွင် ဒီမိုကရေစီ၏ ခြေလှမ်းအစဖြစ်သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးအနေဖြင့် ရည်မှန်းချက်ပန်းတိုင်မှ သွေဖည်မသွားရေး သတိတရားရှိကြရမည့် အချိန် ဖြစ်နေပါသည်။ ယနေ့ မိမိတို့နိုင်ငံအပေါ် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ပိတ်ဆို့ခြင်းအမျိုးမျိုးဖြင့် ဘေးတီးလှုံ့ဆော်စွက်ဖက်နေသူများ၏ စိတ်ရင်းအမှန်ကို သုံးသပ်နိုင်ရန် အရေးကြီးပါသည်။ အလားတူ ၎င်းတို့ လက်သပ်မွေးထားသူ၊ မြှောက်ပင့်ပေးထားသူများ၏ လုပ်ရပ်များမှာလည်း သတိထားစရာပင်ဖြစ်သည်။မည်သူတွေက မည်သည့်အကျိုးမျှော်ကိုး လုပ်ဆောင်နေကြသည်ကို ပကတိအရှိတရားများဖြင့် စဉ်းစားသုံးသပ်ဆုံးဖြတ်ရမည်သာ ဖြစ်သည်။ အရေးကြီးဆုံးမှာ မိမိနိုင်ငံ၊ မိမိ လူမျိုးအတွက် အမှန်လုပ်ကိုင်ဆောင်ရွက်ကြမည့် အမျိုးသားအကျိုး စီးပွားကို ဖော်ဆောင်နိုင်ကြမည့်သူများကို မှန်ကန်စွာ ရွေးချယ်နိုင်ရန်ပင်ဖြစ်သည်။

အဖျက်အမှောင့် အန္တရာယ်အသွယ်သွယ်မှ တားဆီးကာကွယ်နိုင်မည့်အင်အားသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပင်ဖြစ်သည်။ လက်ချောင်းလေးများ ပေါင်းစည်းဆုပ်ကိုင်မိမှသာ အင်အားပြည့်ဝသော လက်သီးဖြစ်လာနိုင်သကဲ့သို့ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး ပေါင်းစည်းညီညွတ်ခြင်းသည်သာ တိုင်းပြည်၏ အင်အားအမှန်ဖြစ်သည်။ တစ်ဖက်ဖက်က လျော့နည်းအားပျော့လာလျှင် တိုင်းပြည်၏ အင်အားလျော့နည်းမည်သာဖြစ်သည်။ တစ်စစီဆွဲထုတ်၊ တစ်ဖွဲ့စီဖွဲ့ယူခြင်းဖြင့် ဝါးအစည်းပြေသကဲ့သို့ အင်အားချည့်နဲ့မည့်အဖြစ်မျိုးကို ယနေ့ သင်ခန်းစာယူကြရမည်။ ယနေ့ကမ္ဘာ့နိုင်ငံအများအပြား၌ တွေ့ကြုံနေသည့် ဘေးဒုက္ခဆိုးကျိုးများမှာ ထင်ရှားသည့် သာဓကများပင် ဖြစ်ပါသည်။ ပေါင်းစည်းနေလျှင် အင်အားရှိမည်။ ပြေလျော့သွားလျှင် ချည့်နဲ့မည်သာဖြစ်သည်။ စည်းလုံးညီညွတ်မှုပြိုကွဲလျှင် တိုင်းပြည်ပြိုကွဲပြီး အနာဂတ်ပျောက်သွားမည်သာ ဖြစ်သည်။

ထို့ကြောင့်လည်း ဒီမိုကရေစီခရီးပျက်စီးရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားရေး၊ မတည်မငြိမ်ဖြစ်ရေးတို့ကို ပြည်တွင်းပြည်ပရှိ ဆန့်ကျင်ဘက်အဖွဲ့များက ဘက်ပေါင်းစုံမှ လုပ်ဆောင်နေကြသည်။ ပြည်သူလူထုအကြား မညီညွတ်အောင်၊ သွေးကွဲအောင် လှုံ့ဆော်သွေးထိုးမှုများ ရှိနေကြသည်။ ထို့ပြင် တပ်မတော်နှင့် ပြည်သူအကြား သပ်လျှိုမှုများလည်း ရှိနေပြန်သည်။ နောက်ဆုံးတွင် တပ်မတော်ပြိုကွဲရေးကို နည်းမျိုးစုံဖြင့် သွေးထိုး လှုံ့ဆော်၊ လုပ်ကြံဖန်တီးမှုများပင် လုပ်နေကြသည်ကို တွေ့နိုင်ပေသည်။ တပ်မတော်သည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အရေးကြီးသည့် ကာကွယ်ရေးအင်အားပင်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်အတွက် အန္တရာယ်မျိုးစုံကို ရှေ့ဆုံးမှ ကာကွယ်စောင့်ရှောက်ပေးနေသည့် ခံတပ်ကြီးဖြစ်သည်။ တပ်မတော်

မည်သည့်နိုင်ငံတွင်မဆို ပြည်တွင်းရေးပြဿနာမှာ အနည်းနှင့်အများ ရှိကြစမြဲဖြစ်။ အချို့မှာ ကိုယ့်နိုင်ငံ ပြည်တွင်းရေးကို ပြည်တွင်းအားနှင့်ပင် ဖြေရှင်းနိုင်ကြသကဲ့သို့ အချို့မှာ ပြည်ပကဝင်ရောက်ဖြေရှင်းဆောင်ရွက်နေရခြင်းများလည်း ရှိနေသည်ကိုတွေ့ရ။ ပြည်ပဝင်ရောက်စွက်ဖက်မှုများကြောင့် ပြည်သူလူထု ဒုက္ခရောက်ကြရသည့် အဖြစ်အပျက်များမှာ ယနေ့ ကမ္ဘာကြီးတွင် အများအပြားရှိနေ။ မိမိပြည်တွင်းရေးကို မိမိတို့ဘာသာ ဖြေရှင်းနိုင်ခြင်းသည် အကောင်းဆုံးနှင့် အမှန်ကန်ဆုံးနည်းလမ်းဖြစ်။

အင်အား ချည့်နဲ့ပြိုကွဲလျှင် ထိုအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိတော့မည် မဟုတ်ဘဲ နိုင်ငံတော် ပြိုကွဲပျက်စီးမည့် လမ်းစကို ဖန်တီးသကဲ့သို့ ဖြစ်သွားမည်မှာ အထူးသတိထားစရာပင်ဖြစ်သည်။ အချို့က အပေါ်ယံကြည့်ပြီး နက်နက်နဲနဲ မတွေးခေါ်ဘဲ မလိုမုန်းထားစိတ်ဖြင့် တပ်မတော်အပေါ် အပြစ်တင်၊ ဥပေက္ခာပြု လျစ်လျူရှုနေကြပြီး တပ်မတော်၏ ကဏ္ဍကို မှေးမှိန်အောင် လုပ်နေကြသည်။ အမှန်တကယ်တွင်မူ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်မှာ အမှန်ပင်ဖြစ်သည်။ တပ်မတော်ပြိုကွဲလျှင် တိုင်းပြည်ပြိုကွဲမည့် အန္တရာယ်များ ကြုံတွေ့လာရမည်မှာ အမှန်ပင် ဖြစ်သည်။ ထို့ကြောင့် တပ်မတော်ပြိုကွဲရေးကို ဆောင်ရွက်နေကြသူများသည် နိုင်ငံတော်နှင့် အမျိုးသားအကျိုးစီးပွားကို သစ္စာဖောက်နေကြသူများသာဖြစ်သည်ဟု ဆိုချင်ပါသည်။

မည်သည့်နိုင်ငံတွင်မဆို ပြည်တွင်းရေးပြဿနာမှာ အနည်းနှင့်အများ ရှိကြစမြဲဖြစ်ပါသည်။ အချို့မှာ ကိုယ့်နိုင်ငံ ပြည်တွင်းရေးကို ပြည်တွင်းအားနှင့်ပင် ဖြေရှင်းနိုင်ကြသကဲ့သို့ အချို့မှာ ပြည်ပကဝင်ရောက် ဖြေရှင်းဆောင်ရွက်နေရခြင်းများလည်းရှိနေသည်ကို တွေ့ရပေသည်။ ပြည်ပဝင်ရောက်စွက်ဖက်မှုများကြောင့် ပြည်သူလူထု ဒုက္ခရောက်ကြရသည့် အဖြစ်အပျက်များမှာ ယနေ့ကမ္ဘာကြီးတွင် အများအပြားရှိနေပေသည်။ မိမိပြည်တွင်းရေးကို မိမိတို့ဘာသာ ဖြေရှင်းနိုင်ခြင်းသည် အကောင်းဆုံးနှင့် အမှန်ကန်ဆုံးနည်းလမ်း ဖြစ်ပေလိမ့်မည်။ ထိုသို့ ဖြေရှင်းနိုင်အောင်လည်း တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ရပ်တည်တွေးခေါ် လုပ်ဆောင်သင့်ပေသည်။ အားလုံးရာခိုင်နှုန်းပြည့် နှစ်မြို့က်သဘောကျ လက်မခံနိုင်သည့်တိုင် အများစုက သဘောတူလက်ခံသည့်အတိုင်း လိုက်နာ လုပ်ဆောင်ခြင်းသည် ဒီမိုကရေစီ အခြေခံသဘောနှင့် ကိုက်ညီပြီး နိုင်ငံကိုတိုးတက်မှုလမ်းကြောင်းပေါ် ရောက်စေမည်မှာ မလွဲဧကန်ဖြစ်မည်ဟု ယုံကြည်ရပေသည်။ ဖြစ်သင့်ဖြစ်ထိုက်သည့် အခြေခံမှစပြီး ပိုမိုကောင်းမွန်သော အခြေအနေကို ရအောင်ယူ၍ ကောင်းသည်ထက် ကောင်းအောင် ကြိုးစားပြုပြင်တည်ဆောက်ခြင်းဖြင့် အနာဂတ် နိုင်ငံတော်ကို သာယာလှပအောင် ဖန်တီးခြင်းသည် ယနေ့မိမိတို့ အလုပ်သင့်ဆုံးသောအလုပ် ဖြစ်နေပေသည်။

ထို့ကြောင့် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဦးတည်ချက် (၅)ရပ်နှင့်အညီ မိမိတို့ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာပြည်တွင်း၊ ပြည်ပအဖျက်အမှောင့်များကို တွန်းလှန်ကာကွယ်၍ အနာဂတ်အတွက် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ တက်ညီလက်ညီ၊ မမှိတ်မသုန် တက်လှမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဦးတည်ချက် (၅)ရပ်

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ပင်လုံမျိုးစေ့

- နင်းမှုန်ရီဝါး၊ အတိတ်ကားဝယ်
  ခိုနားရိပ်မြုံ၊ မြို့"ပင်လုံ"တည့်
  ပေါင်းဆုံလက်တွဲ၊ သွေးစည်းပွဲသည်
  ရဲဇွဲထက်သန် သိမ့်သိမ့်လှုံ။
  နီးကြားအားမာန် တပ်လှန့်သံ။
- နင်းမြူခြံခိုက်
  ပင်လုံကတိ၊ သွေးအသိဖြင့်
  မရှိအတူ၊ ရှိအတူတည့်
  အေးတူပူမျှ၊ ဖေးကူ မ,ခဲ့
  ပြည်မပြည်နယ်၊ ပေါင်းစည်းသွယ်လျက်
  နယ်ချဲ့ဖျက်ရန်၊ တွန်းတော်လှန်ခဲ့
  အောင်သံကျူးရင့် သတ္တိနှင့်။
  အောင်လံမြှူးလွင့် ကြွားကြွားဝင့်။
- နင်းငွေ့ဆမ်းခိုက်
  အေးချမ်းပေါင်းဆုံ၊ နိမိတ်ပုံဖြင့်
  မာန်ဟုန်ဖြိုးဖြိုး၊ သွေးချင်းနှီးခဲ့
  ဆိုးတူကောင်းဖက်၊ ခံယူချက်သည်
  စဉ်ဆက်မြဲခိုင်၊ အပြိုးလှိုင်၏
  နိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်လွှမ်း။
  အောင်ပွဲလက်ကမ်း တစ်စိတ်ဝမ်း။
- ပင်လုံမျိုးစေ့၊ နှလုံးမွေ့လျက်
  ယနေ့မှသည်၊ နောင်အရှည်ထိ
  တည်တံ့ထက်သန်၊ အောင်ပွဲခံလော့။
  အားမာန်ပေါင်းစည်း၊ သွေးချင်းနီးလော့
  ခရီးရှေ့ဆက်၊ ညီညီတက်လော့
  နက်ဖြန်အရဏ်၊ မြန်မာ့ဂုဏ်သည်
  ပင်လုံသွေးဖြင့် တင့်စေသတည်း။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက် -

ဇော်မင်းမင်းဦး

အမျိုးသားအကျိုးစီးပွားဟူသည် -

ကာတွန်း - ဇာနည်

✱ စာမျက်နှာ ၆ မှ

မြေလမ်းနိမ့်ကျ၍ ရေဝပ်ခြင်းများ ဖြစ်ပေါ် လျက်ရှိသဖြင့် လေယာဉ်များ ဆင်း၊ တက်ရာတွင် အန္တရာယ်ရှိနိုင်သည့်အတွက် လေယာဉ်ပြေးလမ်း ပေ ၆၀၀၀ × ပေ ၁၅၀၊ လေယာဉ်သွားလမ်း ၅၂၅ပေ × ၇၅ပေနှင့် လေယာဉ်ရပ်နားနေရာ ၅၇၅ ပေ × ပေ ၃၀၀ တို့ကို ကျောက်ကတ္တရာဖြင့် မျက်နှာပြင်ညှိလွှာခင်းခြင်းတို့နှင့် လေဆိပ် လေယာဉ်ကွင်းပတ်လည် ပေ ၁၈၃၀၀ ကို ၅ လက်မ × ၅ လက်မ ကွန်ကရစ်တိုင်နှင့် သွပ်ဆူးကြိုးရှစ်တန်း ခြံစည်းရိုးကာရံခြင်း ဆောင်ရွက်ခဲ့သည်။

စစ်တွေလေယာဉ်ကွင်းကို အဘက် ဘက်မှ လိုလေသေးမရှိအောင် တိုးချဲ့ ပြင်ဆင် ဆောက်လုပ်ပေးထားပြီး ရာသီ မရွေး လေယာဉ်များ ဆင်း/တက်သဖြင့် ဒေသခံများ များစွာအဆင်ပြေလျက် ရှိသကဲ့သို့ ခရီးသွားဧည့်သည်များအတွက် လည်း လေကြောင်းခရီးစဉ်ဖြင့် ရာသီ မရွေး လာရောက်လေ့လာ လည်ပတ် နိုင်ကြပေပြီ။

ထူထဲသည့် ရွှံ့နွံဒီရေတောများ၊ ရေသာ မက မြေကြီးကပင်ငန်ပြီး ပင်လယ်၊ မြစ်ချောင်းခြားကာ သဘာဝအတားအဆီး ကြီးမားသည့် ရခိုင်ပြည်နယ်အတွင်း မီးရထားလမ်းများ ဖြစ်ပေါ်လာမည်ကို မည်သူမျှ မျှော်လင့်မထားခဲ့။ ယင်းသို့ မျှော်လင့်မထားခဲ့သည့် အရာများသည်ပင် မျက်စိရှေ့၌ အံ့သြဖွယ်ရာ ဆက်တိုက် ပေါ်ထွက်လာခဲ့ပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီး တစ်ခုလုံး အရှိန်အဟုန်ဖြင့် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် လမ်းပန်း ဆက်သွယ်ရေး အခက်အခဲကြီးမားသည့် ရခိုင်ပြည်နယ်အတွင်း မီးရထားလမ်းများ ဖောက်လုပ်ပေးခဲ့ရာ စစ်တွေ (ပြည်တော်သာ)ဘူတာမှ ရေချမ်းပြင်ဘူတာ (နည်းပညာတက္ကသိုလ်အနီး) အထိ ၁၁ ဒသမ ၄၆ မိုင်ရှည် မီးရထားလမ်းကို ၁၉-၅-၂၀၀၉ ရက်နေ့က အောင်မြင်စွာ ဖွင့်လှစ် ခုတ်မောင်းနိုင်ခဲ့သည်။

ပြည်တော်သာဘူတာ၊ စစ်တွေဘူတာ၊ ဇောပူဂျာဘူတာ၊ ရေချမ်းပြင်ဘူတာနှင့် စစ်တွေတက္ကသိုလ် (ယာဒ်စခန်း)၊ ဒါးပိုင် (ယာဒ်စခန်း)၊ မယ်ဇလီ (ယာဒ်စခန်း)များ သို့ နေ့စဉ် နံနက် ၇ နာရီခွဲမှ ညနေ ၅ နာရီအထိ တစ်နေ့လေးကြိမ်ခရီးစဉ် စ/ဆုံး လူတစ်ဦး ငွေကျပ် ၁၀၀ ဖြင့် ရထားပြေးဆွဲပေးလျက်ရှိသည်။

ဒေသခံများနှင့် စစ်တွေတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(စစ်တွေ)မှ ကျောင်း သား၊ ကျောင်းသူများ၊ နည်းပြဆရာ၊ ဆရာမများအတွက် များစွာအဆင်ပြေ လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း လူငယ် များ အဆင်ပြေစွာ ပညာသင်ကြား နိုင်သည့် အခွင့်အလမ်းများ ပေါ်ပေါက် လာခဲ့ပြီဖြစ်သည်။

ဒေသထွက်မီးဖိုချောင်သုံး ပစ္စည်းများ သယ်ပို့ရာတွင်လည်း ယခင်ကထက်များ စွာ ကုန်ကျစရိတ် သက်သာသဖြင့် ဘူတာ၊ ယာဒ်စခန်း၊ အဝင်၊ အထွက် မီးရထား ဥဩသံသည် ဒေသခံများအတွက် လွန်စွာ နားဝင်ချိုကာ၊ စီးပွားရေး၊ လူမှုရေး၊ ပညာ ရေး၊ ကျန်းမာရေးအတွက် အဖိုးမဖြတ် နိုင်သော အားဆေးကြီးတစ်ပါး ဖြစ်လာ ခဲ့ပါသည်။ ရခိုင်ပြည်နယ်ရှိ ပြည်သူများ ပြုံးပန်းဝေနိုင်ခဲ့ပေပြီ။

ရထားထွက်ချိန်၊ ရောက်ရှိချိန်မှန်သဖြင့် ခရီးသွားများ စိတ်ချမ်းသာနေကြရသည်။ နေ့စဉ်ခရီးသည် ၁၀၀၀ ခန့်ကို တနင်္ဂနွေနေ့ တွင် အထူးအဖြစ်စက်ခေါင်းနှစ်လုံး၊ လူစီး တွဲနှစ်တွဲဖြင့်လည်းကောင်း၊တနင်္လာနေ့မှစနေ နေ့အထိစက်ခေါင်းနှစ်လုံး၊လူစီးတွဲတစ်တွဲ ဖြင့်လည်းကောင်း ပြေးဆွဲနေသည်။

အလားတူ မင်းဘူး-စစ်တွေရထားလမ်း ကိုလည်း အမြန်ဆုံး အကောင်အထည် ဖော်ဆောင်ရွက်ရန် နိုင်ငံတော် အကြီး အကဲက လမ်းညွှန်ခဲ့သဖြင့် ၂၅၇ မိုင် ဝေးကွာသည့် ရထားလမ်းကို အကောင် အထည်ဖော်နေကြောင်း သိရသည်။

မင်းဘူး-ပဒါန်း ၂၈ မိုင်၊ ပဒါန်း-အမ်း ၅၄ မိုင်၊ အမ်း-မင်းပြား ၇၆ မိုင်၊ မင်းပြား-မြောက်ဦး ၁၆ မိုင်၊ မြောက်ဦး-ကျောက် တော် ၂၃ မိုင်၊ ကျောက်တော်-ပုဏ္ဏားကျွန်း ၃၄ မိုင်၊ ပုဏ္ဏားကျွန်း-စစ်တွေ ၂၆ မိုင်ဖြင့် စုစုပေါင်း ၂၅၇ မိုင် ဖြစ်ပါသည်။

ယင်းတို့အနက် အပိုင်းသုံးပိုင်းခွဲကာ စစ်တွေ - မင်းပြားလမ်းပိုင်း ၉၉ မိုင်၊ မင်းပြား- အမ်းလမ်းပိုင်း ၇၆ မိုင်၊ အမ်း- မင်းဘူးလမ်းပိုင်း ၈၂ မိုင်ဖြင့် ၂၅၇ မိုင်ကို သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက် မည်ဖြစ်ရာ ယခုအခါ စစ်တွေ-မင်းပြား လမ်းအပိုင်းတွင် ပထမဦးစွာ စစ်တွေ ပြည်တော်သာဘူတာမှ ရေချမ်းပြင်ဘူတာ အထိ ခရီးမိုင် ၁၁ ဒသမ ၄၆ မိုင် ပြီးစီး သဖြင့် ရထားပြေးဆွဲနေခြင်းဖြစ်သည်။

မကြာမီ မင်းချောင်းတံတား အလွန် ပုဏ္ဏားကျွန်းမြို့နယ် ကွမ်းတောင်ဘူတာမှ ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ် စံပြရွာ အထိ ခရီးမိုင် ၂၂ ဒသမ ၇၂ မိုင်ကို ဖွင့်လှစ်နိုင်ရန်အတွက် မြန်မာ့မီးရထား ဝန်ထမ်းများက ဘူတာရုံများ၊ ယာဒ်စခန်း များ ဆောက်လုပ်ခြင်း၊ သံလမ်းများ ခင်းခြင်း၊ မြေသားလမ်းများ ပြုပြင်ခြင်းများ ကို စက်ယန္တရားများဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

စစ်တွေမှ ကျောက်တော်အထိ လမ်းပိုင်း တွင် ပေ ၁၈၀ အထက်တံတားကြီး ခြောက်စင်းမှာ နာရီကန်ချောင်းတံတား ပေ ၃၀၀၊ ကျောက်တန်းချောင်းတံတား ၄၅၂ ပေ၊ မင်းချောင်းတံတား ၂၀၀၃ ပေ၊ ကင်းချောင်းတံတား ပေ ၄၄၀၊ ယိုးချောင်း တံတား ပေ ၄၂၀ နှင့် ပိကောက်ချောင်း တံတား ပေ ၃၆၀ တို့ဖြစ်ပြီး ပေ ၄၀ နှင့် ပေ ၁၆၀ ကြားတံတား ခြောက်စင်း၊ ပေ ၄၀ အောက်တံတား ၁၇၄ စင်း ပါဝင် သဖြင့် ရခိုင်ပြည်နယ်သည် ချောင်းများ၊ မြစ်များမည်မျှပေါများသည်ကို တွေ့မြင် နိုင်ပေသည်။ သို့သော် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရမည်ဟူသော နိုင်ငံတော် ၏ စေတနာနှင့် လက်တွေ့လုပ်ရပ်များ ကြောင့် တောတောင်ချောင်းမြောင်း ထူထပ် သော ရခိုင်ပြည်နယ်အတွင်း လမ်း၊ တံတား များ လက်ယှက်ထိုးအောင် ဖောက်လုပ် ပေးနိုင်ခဲ့ပေသည်။

စစ်တွေမှ ကျောက်တော်အထိ ဘလောက် ဘူတာ (Block Station) ၁၃ခု၊ ယာဒ်စခန်းဘူတာ (Halt Station) ၁၁ ခု ပါဝင်သဖြင့် မီးရထားလမ်း ဖြတ်သန်းသည့် ကျေးရွာများမှာ ဒေသခံ များနီးစပ်ရာ ဘူတာမှတစ်ဆင့် မင်းဘူး အထိသွားနိုင်ကာ ဧရာဝတီမြစ်အရှေ့ ဘက်၊ အနောက်ဘက်ရှိ မီးရထားလမ်းရှိ သော ဒေသများသို့တိုင် မကြာတော့သည့် အချိန်တွင် ဈေးနှုန်းသက်သာစွာဖြင့် ခရီးသည်များ သက်သောင့်သက်သာ သွားလာနိုင်တော့မည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးမူဝါဒနှင့်အညီ နိုင်ငံတော် ကို အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက် စေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိ သည်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် (၇) ရပ်ကိုချမှတ်ပြီး ပြည်သူ တစ်ရပ်လုံး၏ဆန္ဒနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက်လည်း ကြိုးပမ်း ဖော်ဆောင်နေပါသည်။

သို့ဖြစ်ရာ နိုင်ငံတစ်ဝန်း ပြည်နယ်နှင့် တိုင်း အသီးသီးတွင် ထူးထူးခြားခြား ဖြစ်ထွန်းရရှိနေသည့် တည်ငြိမ်အေးချမ်း ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ဖွံ့ဖြိုး သာယာခြင်းစသည့် ရလဒ်ကောင်းများ ဆက်လက်ဖြစ်တည် ထွန်းကားနေစေရန် များစွာအရေးကြီးပါသည်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဖွံ့ဖြိုးခြင်းများ ထာဝစဉ် တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စု စိတ်ဓာတ်အပြည့်အဝဖြင့် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရန် တိုက်တွန်း ရေးသား တင်ပြလိုက်ရပါသည်။ ။

နည်းပညာတက္ကသိုလ် စစ်တွေ ကျောင်းဆောင်ကြီးအဝင်ကို ခံ့ညားထည်ဝါစွာ တွေ့မြင်ရပုံ။

စစ်တွေ ပြည်တော်သာ-ရေချမ်းပြင်(နည်းပညာတက္ကသိုလ်)သွား မြန်မာ့မီးရထားပေါ်တွင် စစ်တွေတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စီးနင်းနေပုံ။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်ကိုချမှတ်ပြီး ပြည်သူ တစ်ရပ်လုံး၏ဆန္ဒနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် သစ် တည်ဆောက်ရေးအတွက်လည်း ကြိုးပမ်းဖော်ဆောင်နေ။

နိုင်ငံတစ်ဝန်း ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ထူးထူးခြားခြား ဖြစ်ထွန်းရရှိ နေသည့် တည်ငြိမ်အေးချမ်းခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ဖွံ့ဖြိုးသာယာခြင်း စသည့် ရလဒ်ကောင်းများ ဆက်လက်ဖြစ်တည် ထွန်းကားနေစေရန် များစွာ အရေးကြီး။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဖွံ့ဖြိုးခြင်း များ ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝ ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်။

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် စီမံကိန်းများ

စဉ်	အကြောင်းအရာ	တည်နေရာ	မှတ်ချက်
၁။	**စိုက်ပျိုးရေး** သရီချောင်းရေလှောင်တမံစီမံကိန်း	ကျောက်တော်မြို့နယ်	အကျိုးပြုစိုက်ပျိုးဧက (၃၀၀၀)ဧက
၂။	**လမ်းပန်းဆက်သွယ်ရေး** ပေ (၁၈၀)နှင့်အထက် တည်ဆောက်ဆဲ တံတား သယုပဲပဒုံကြိုးတံတား	အမ်းမြို့နယ်	
၃။	**ရထားလမ်း** စစ်တွေ-အမ်း-မင်းဘူး	ရခိုင်ပြည်နယ်	ကွမ်းတောင်- ယိုးတရုတ်လမ်းပိုင်း (၂၂. ၇၂)မိုင်
၄။	**ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့** ရွှေ(၁)(A-1) ရွှေဖြူ (A-3) မြဓာတ်ငွေ့သိုက်	 စစ်တွေမြို့နယ်အနီး ကျောက်ဖြူမြို့နယ်အနီး ကျောက်ဖြူမြို့နယ်အနီး	
၅။	**လျှပ်စစ်စွမ်းအား** **(က) တည်ဆောက်ဆဲစီမံကိန်း** (၁) အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်း (၂) သူငွေးချောင်းရေအားလျှပ်စစ်စီမံကိန်း **(ခ) တည်ဆောက်မည့်စီမံကိန်း** (၁) စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်း (၂) လေးမြို့ချောင်းရေအားလျှပ်စစ်စီမံကိန်း	 အမ်းမြို့နယ် သံတွဲမြို့နယ် ဘူးသီးတောင်မြို့နယ် မြောက်ဦးမြို့နယ်	

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုအရေး ဒို့မြော်တွေး

ရာဇကျော်

**"ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းလည်းအသိ၊ ငါလည်းသိ၏
အမိမျက်ရှု ပြည်ထောင်စု၌
ယခုတိုင်ပင်၊ ရှေးယခင်သို့
ဖြူစင်စိတ်ကောင်း၊ ခေါင်းပုံမဖြတ်
မြတ်ကြီးမစား၊ တိုင်းရင်းသားတို့
များလှမြေပြန့်၊ တောင်အနှံ့တည့်
ဖွံ့ဖွံ့ဖြိုးဖြိုး၊ ဆိုးတူကောင်းဖက်
လက်တွဲကြင်ချစ်၊ လို့လသစ်သော်
ခေတ်သစ်စိတ်သစ်၊ ပြည်ထောင်သစ်သည်
ဖြစ်မည်နိမိတ်ဖတ်သည်သို့. . . . ."**

အထက်ဖော်ပြပါ ကဗျာစာပိုဒ်လေးသည် ဆရာကြီးဇော်ဂျီ၏ ကျော်ကြားလှစွာသော **"ပြည်ထောင်စုနေ့အတွေး"** ကဗျာမှ ကောက်နုတ်ချက်တစ်ပိုဒ်ဖြစ်သည်။ မကြာမီ ကျရောက်မည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်ဖြစ်သော **"ပြည်ထောင်စုနေ့"** ပင်ဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသားခေါင်းဆောင်များ စိတ်တူကိုယ်တူ သဘောတူဖြင့် တညီတညွတ်တည်း လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သော **"ပင်လုံစာချုပ်"** ချုပ်ဆိုသည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ဂုဏ်ပြုကျင်းပလာခဲ့ကြသည်မှာ ယခုဆိုလျှင် (၆၃)နှစ် ရှိခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် လွတ်လပ်သော နိုင်ငံအဖြစ် နှစ်ပေါင်းတစ်ထောင်ကျော်မျှ ရပ်တည်၍ နေထိုင်ခဲ့ကြပါသည်။ ပုဂံခေတ်တွင် ကျန်စစ်သားမင်းသည် မွန်၊ မြန်မာ စည်းလုံးညီညွတ်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။ ပုဂံပြည်ကြီးကို တရုတ်တို့ ကျူးကျော်တိုက်ခိုက်စဉ်က ရှမ်းနှင့်မြန်မာတို့ ပူးပေါင်း၍ တညီတညွတ်တည်း တွန်းလှန်တိုက်ခိုက်နိုင်ခဲ့ကြသည်။ စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ်သည် ရှေးယခင်ကတည်းကပင် ရှိခဲ့ကြပြီးဖြစ်ပါသည်။

ထိုသို့ စည်းလုံးညီညွတ်ခဲ့ကြသော မြန်မာလူမျိုးနွယ်များအတွင်းသို့ နယ်ချဲ့ဗြိတိသျှတို့သည် နည်းမျိုးစုံဖြင့် သွေးခွဲ၍ ထိုးဖောက်ဝင်ရောက်ပြီး နယ်ချဲ့ခဲ့ကြသည်။ နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာတို့၏ ပိုင်နက်နယ်မြေကို သုံးကြိမ်တိုင်တိုင်စစ်ခင်းပြီး တစ်နိုင်ငံလုံးကို ကျွန်ပြုအုပ်စိုးခဲ့ကြသည်။ ဗြိတိသျှတို့ ကျွန်ပြုအုပ်စိုးခဲ့သည့် ကာလတစ်လျှောက် ၎င်းတို့၏ခွဲခြားအုပ်ချုပ်ရေး၊ တစ်နည်းဆိုရသော် ကျွန်သက်ရှည်ရေးအတွက် တိုင်းရင်းသားတို့ကို သွေးခွဲအုပ်ချုပ်ခဲ့ကြသည်။ တောင်တန်းဒေသ၊ ပြည်နယ်ဒေသ၊ ပြည်မဒေသ စသည်ဖြင့် ခွဲခြားကန့်သတ်ခဲ့ကြသည်။ ထိုအရေးကိစ္စများကို ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်အချို့က ကြိုတင်မြော်တွေးမိခဲ့ကြသည်။

ထို့ကြောင့် ၁၉၄၆ခုနှစ် မတ်လ ၂၀ရက်နေ့တွင် ပင်လုံစာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ပထမအကြိမ် ပင်လုံညီလာခံကို ကျင်းပခဲ့ရာ ဦးနု၊ ဦးဘဂျမ်းနှင့် မန်းဘခိုင်တို့က ဖဆပလ၏ ကိုယ်စားလှယ်များအဖြစ် တက်ရောက်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှ နန်းရင်းဝန်အက်တလီနှင့် **"အောင်ဆန်း-အက်တလီစာချုပ်"** ကို ချုပ်ဆိုခဲ့ကြသည်။ အဆိုပါစာချုပ်တွင် တောင်တန်းဒေသနှင့် ပြည်မဒေသတို့ကို ပူးပေါင်းရန် သဘောတူညီမှုရရှိပါက တောင်တန်းဒေသနှင့် ပြည်မဒေသပါ တစ်ပြိုင်တည်း လွတ်လပ်ရေးပေးမည်ဟု ပါရှိခဲ့သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ဒုတိယအကြိမ် ပင်လုံညီလာခံကို ကျင်းပခဲ့ပါသည်။ ဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံစာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် လွတ်လပ်ရေးအတွက် အဓိကအထောက်အပံ့ ဖြစ်စေသော ပင်လုံစာချုပ်ကြီးကို ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တိုင်းရင်းသားခေါင်းဆောင်ကိုယ်စားလှယ် ၂၃ ဦးတို့ဖြင့် လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ခဲ့ကြပါသည်။ အဆိုပါနေ့သည် ပြည်ထောင်စုတိုင်းရင်းသားများ စည်းလုံးညီညွတ်စွာ လွတ်လပ်ရေးအတွက် ကြိုးပမ်းအားထုတ်နိုင်ခဲ့သော သမိုင်းဝင်နေ့ဖြစ်သောကြောင့် **"ပြည်ထောင်စုနေ့"** ဟု မော်ကွန်းတင် ဂုဏ်ပြုသတ်မှတ်ခဲ့ကြပါသည်။

၁၉၄၇ ခုနှစ် ဧပြီလတွင် ပင်လုံစာချုပ်ကို ဗြိတိသျှပါလီမန်က လက်ခံအတည်ပြုခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံ့ခေါင်းဆောင်များ ကြိုးပမ်းအားထုတ်မှုကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် တစ်မျိုးသားလုံးက လိုလားတောင့်တနေကြသော "လွတ်လပ်ရေး" ကို ရရှိခဲ့သည်။ တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်ခြင်းရလဒ်ပင်ဖြစ်သည်။ တစ်နည်းဆိုရသော် ပြည်ထောင်စုစိတ်ဓာတ်ကြောင့်ပင် ဖြစ်ပါသည်။

ထိုပြည်ထောင်စုစိတ်ဓာတ်သည် ရှေးယခင်ကတည်းက ရှိခဲ့ကြပြီး ယခုလည်း ဆက်လက်တည်တံ့တည်ရှိနေဆဲပင်ဖြစ်ပါသည်။ နောင်တွင်လည်း ဆက်လက်တည်တံ့နေမည်ဖြစ်ပါသည်။ တပ်မတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ စည်းစည်းလုံးလုံး တစ်စိတ်တစ်ဝမ်းတည်း ခိုင်မြဲညီညာရှိကြစေရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်း သဘောတူညီချက်များရယူပြီး လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်စေခဲ့သည်။ ယခုအခါတွင် ယာယီငြိမ်းချမ်းရေးမှသည် ထာဝရငြိမ်းချမ်းရေးကို အာမခံချက်ပေးနိုင်စေရန်အတွက် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့သော တိုင်းရင်းသားအဖွဲ့များကို နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် အသွင်ပြောင်းဖွဲ့စည်းမှုများ ဆက်လက်ဆောင်ရွက်နေပြီဖြစ်ပါသည်။

သွေးချင်းတို့မြေ

**တောချင်းလည်းဆက်
တောင်ချင်းလည်းဆက်၏။
မြစ်ချင်းလည်းဆက်
ချောင်းချင်းလည်းဆက်၏။
ရေချင်းလည်းဆက်
မြေချင်းလည်းဆက်၏။
လူမျိုးချင်းဆက်
သွေးချင်းဆက်၏။**

**ပြည်ထောင်စုဖွား၊ သွေးချင်းများလျှင်
သွေးသားပီပီ၊ စိတ်ထားညီလျက်
ကိုယ့်ပြည်သာရေး၊ ညီတူတွေးကာ
ကူဖေးလက်တွဲ၊ စဉ်မခွဲမှ
ခိုင်မြဲတံ့တည် အစွန့်ရှည်။
ဝပြောသာစည် အေးချမ်းမည်။**

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

မောင်မောင်မိုးအောင်

တစ်လှေတည်းစီး တစ်ခရီးတည်းသွား

ကာတွန်း
အောင်ကျော်ဖြိုး



ကချင်ပြည်နယ် ချီဖွေဒေသတွင် အမှတ် (၁၀၀၁) နယ်ခြားစောင့်တပ်ဖွဲ့ကို လည်းကောင်း၊ ပန်ဝါနှင့် ချီဖွေကြား လုပိဒေသတွင် အမှတ် (၁၀၀၂) နယ်ခြားစောင့်တပ်ဖွဲ့ကို လည်းကောင်း၊ ဆဒုံမြို့နယ် ကန်ပိုက်တီးအနီး စင်းကျိုင်းဒေသတွင် အမှတ် (၁၀၀၃) နယ်ခြားစောင့်တပ်ဖွဲ့ကို လည်းကောင်း ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ ထို့အပြင် ကယားပြည်နယ် အထူးဒေသ (၂) ကရင်နီ လူမျိုးပေါင်းစုံ လွတ်လပ်ရေးတပ်ဦးကို ပန်တိန်းဒေသတွင် အမှတ် (၁၀၀၄) နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် လည်းကောင်း၊ စွပ်ပိုင်ဒေသတွင် အမှတ်(၁၀၀၅)နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် လည်းကောင်း ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။ ထို့အတူ ကိုးကန့်ဒေသတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော်က အမှတ်(၁၀၀၆) နယ်ခြားစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။

တစ်ချိန်က စည်းလုံးညီညွတ်မှုအားနည်း၍ လုံခြုံမှုမရှိခဲ့သော၊ ဖွံ့ဖြိုးတိုးတက်မှုမရှိခဲ့သော၊ လမ်းပန်းဆက်သွယ်ရေးမကောင်းခဲ့သော နယ်စပ်ဒေသများသည် နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် ယခုအခါတွင် ဖွံ့ဖြိုးတိုးတက်၍ ငြိမ်းချမ်းသာယာနေပြီဖြစ်ပါသည်။ နယ်ခြားစောင့်တပ်ဖွဲ့များ အသီးသီးဖွဲ့စည်းနိုင်ခဲ့သဖြင့် လုံခြုံစိတ်ချရပြီလည်း ဖြစ်ပါသည်။ စည်းလုံးညီညွတ်မှု အားနည်းမည်ဆိုပါက **"ပြည်ထောင်စုနေ့"** မှ အစပြု၍ ရရှိလာသော နိုင်ငံ့လွတ်လပ်ရေးသည် အဓွန့်ရှည်တည်တံ့ခိုင်မြဲနိုင်မည် မဟုတ်သည်ကို ပြည်ထောင်ဖွား တိုင်းရင်းသားအားလုံး လက်ခံယုံကြည် စွဲမြဲထားကြပြီး ဖြစ်ပါသည်။

စည်းလုံးညီညွတ်မှုပြိုကွဲခြင်း၏ ဆိုးကျိုးအနိဋ္ဌာရုံကို အထင်ရှားဆုံးနှင့် အနီးစပ်ဆုံးဥပမာပြရသော် အီရတ်နိုင်ငံကို တွေ့မြင်နိုင်ပါသည်။ လူဦးရေ ၂၆ သန်းကျော်ရှိသော အီရတ်နိုင်ငံကို ၂၀၀၃ ခုနှစ်တွင် အမေရိကန်နှင့် အပေါင်းပါများက အီရတ်သမ္မတ ဆဒမ်ဟူစိန်၏ စစ်အာဏာရှင်လက်အောက်မှ လွတ်မြောက်စေရန် "အီရတ်လွတ်မြောက်ရေးစစ်ပွဲ" (Operation Iraqi Freedom) အဖြစ် ဖန်တီးကာ ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထိုအချိန်က အီရတ်နိုင်ငံတွင် သမ္မတ ဆဒမ်ဟူစိန်ကို ထောက်ခံသောအဖွဲ့များရှိသလို ဆန့်ကျင်သောအဖွဲ့များလည်း ရှိခဲ့သည်။ "နွားကွဲလျှင် ကျားဆွဲမည်" ဟူသော စကားအတိုင်းပင် နောက်ဆုံးတော့ အီရတ်နိုင်ငံသည် အမေရိကန်တို့လက်အောက်သို့ ကျရောက်ခဲ့ရသည်။

အီရတ်စစ်ပွဲပြီးဆုံး၍ အမေရိကန်တို့၏ ကျွန်ဘဝသို့ ကျရောက်သည့်အချိန်မှစ၍ အီရတ်ပြည်သူတို့၏ဘဝသည် တစ်မုဟုတ်ချင်း ပျက်စီးနိမ့်ကျသွားခဲ့ရသည်။ ညီညွတ်မှုပြိုကွဲပြီး တည်ငြိမ်အေးချမ်းမှု ကင်းမဲ့သွားသောအခါ ဖွံ့ဖြိုးတိုးတက်မှု၊ စည်ပင်သာယာမှုတို့မှာလည်း ပျောက်ဆုံးသွားတော့သည်။ အီရတ်ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည်တို့ဆိုင်ရာ အခြေခံအဆောက်အအုံ (Infrastructure) များ ပျက်စီးပျောက်ဆုံးသွားခဲ့လေပြီ။ ဤဖြစ်ရပ်ကို ဆင်ခြင်သတိပြုရမည်ဖြစ်သည်။ တစ်ချိန်က မြန်မာနိုင်ငံသားတို့ စည်းလုံးညီညွတ်မှု အားနည်းခဲ့၍ အင်္ဂလိပ်တို့၏ ကျွန်ပြုခြင်းကို ခံခဲ့ရဖူးသည့် သမိုင်းသင်ခန်းစာ ရှိပြီးဖြစ်သည်ကို မမေ့အပ်ပေ။ ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံး စည်းလုံးညီညွတ်ပြီး ဥမကွဲသိုက်မပျက်၊ အေးအတူပူအမျှ အတူတကွ စည်းလုံးလက်တွဲ နေထိုင်သွားကြဖို့ လိုအပ်မည်ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ကို ပြည်သူ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း၏ ထောက်ခံမှုဖြင့် အတည်ပြုပြီးဖြစ်ရာ အနာဂတ်နိုင်ငံတော်၏ ဒီမိုကရေစီဖော်ဆောင်ရေးအတွက် အောင်မြင်ရန် အရေးကြီးသောအချိန်သို့ ဆိုက်ရောက်နေပြီဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ပြည်သူအားလုံးက Mandate ပေးထားပြီးဖြစ်သော ဖွဲ့စည်းပုံ အခြေခံ

(၆၃)နှစ်မြောက်ပြည်ထောင်စုနေ့ဦးတည်ချက် (၅)ရပ်

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

(၃) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၅) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဥပဒေသစ်နှင့်အညီ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ မကြာမီကာလတွင် ရွေးကောက်ပွဲများကျင်းပတော့မည်ဖြစ်ရာ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ သွေးထိုး၊ လှုံ့ဆော်၊ လုပ်ကြံပြောဆို၊ ထုတ်လွှင့်၊ ရေးသားမှုမှန်သမျှကိုလည်း ပြည်ထောင်စုသားများအားလုံး နားမယောင်ကြရန် သတိထားကြရမည် ဖြစ်ပါသည်။ "တိုင်းရင်းသားလူမျိုး တစ်မျိုးမျိုး သို့မဟုတ် ပြည်ထောင်စု ကြီး၏ နယ်မြေအစိတ်အပိုင်း တစ်ရပ်ရပ်ကို သီးသီးသန့်သန့် ခွဲခြား ပိုင်းခြား၍ မရနိုင်" ဟူသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ကြားချက်နှင့်အညီ ရေပက်မဝင်သော စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရန် အထူးအရေးကြီးလှပါသည်။

ပင်လုံမြေတွင် စတင်သန္ဓေတည်ခဲ့သော ပြည်ထောင်စုနေ့ အခါသမယသည် ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၆၃)နှစ် ပြည့်တော့မည် ဖြစ်သည်။ ယခုနှစ် ချမှတ်ထားသော ပြည်ထောင်စုနေ့ ဦးတည်ချက်(၅)ရပ်ကို ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားများအားလုံးက လိုက်နာကျင့်သုံး၊ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် အဆိုပါ ဦးတည်ချက်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားပြည်သူတိုင်း ထာဝရစွဲမြဲ ခံယူကျင့်သုံးဆောင်ရွက်နေရမည့် အမျိုးသားရေးအနှစ်သာရများပင်ဖြစ်ပါသည်။ နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရ လှပစေရေးသည် ပြည်ထောင်စုသားအားလုံး၏ တာဝန်ဝတ္တရားများပင်ဖြစ်ရာ အားလုံးတာဝန်ကျေပွန်ကြမည်ဆိုပါက ဆရာကြီးဇော်ဂျီ၏ **"ဆိုးတူကောင်းဖက်၊ လက်တွဲကြင်ချစ်၊ လုံ့လသစ်သော် ခေတ်သစ်စိတ်သစ်၊ ပြည်ထောင်သစ်သည် ဖြစ်မည်နိမိတ်ဖတ်သည်သို့"** ဟု ဆိုသည့် "ပြည်ထောင်စုနေ့အတွေး" ကဗျာအတိုင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုသစ်ကြီးသို့ မလွဲဧကန် ဆိုက်ရောက်နိုင်မည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

၁၉၄၇ ခုနှစ် ဧပြီလတွင် ပင်လုံစာချုပ်ကို ဗြိတိသျှပါလီမန်က လက်ခံ အတည်ပြုခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံ့ခေါင်းဆောင်များ ကြိုးပမ်းအားထုတ်မှုကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် တစ်မျိုးသားလုံးက လိုလား တောင့်တနေကြသော "လွတ်လပ်ရေး" ကို ရရှိခဲ့သည်။ တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်ခြင်းရလဒ်ပင်ဖြစ်သည်။ တစ်နည်းဆိုရသော် ပြည်ထောင်စုစိတ်ဓာတ် ကြောင့်ပင်ဖြစ်ပါသည်။

ပြည်ထောင်စုစိတ်ဓာတ်

❖ အရေးကြီးလျှင် သွေးနီးကြပေ
ရေကိုသား၍ အကြားမထင်
ချစ်ခင်ဒို့များ တိုင်းရင်းသားတို့
မခြားတူသည် စည်းလုံးညီစွာ
ခိုင်မာပြသ မြန်မာ့စိတ်ထား
ပင်လုံဖွားသည့် မြန်မာ့အားသည်
ပြည်ထောင်စုစိတ်ဓာတ် လွန်မြင့်မြတ်။

❖ လွတ်လပ်ရေးအတွက် အသက်သွေးချွေး
ပေးဆပ်ပြီးကာ ချုပ်ခြာအာဏာ
ပြန်ကာရယူ တူညီလက်တွဲ
အောင်ပွဲများစွာ ဆင်နွှဲလာသည့်
မြန်မာနွယ်ဖွား ညီနောင်များတို့
အင်အားစွမ်းရည် တွဲလက်ညီသည်
ပြည်ထောင်စုစိတ်ဓာတ် လွန်မြင့်မြတ်။

❖ မြန်မာတို့ပြည် တစ်ပြေးညီစွာ
အေးချမ်းသာရန် ရည်သန်ဆန္ဒ
ဒေသဖွံ့ဖြိုး တိုးတက်စေရာ
ပညာ,ကျန်းမာ လယ်ယာ,သတ္တု
လူမှု,ကုန်သွယ် ပြည်နယ်,ပြည်မ
မျှတကြစေ နယ်စပ်ဒေသ
လှပသီးပွင့် ပန်းစုံတင့်သည်
ပြည်ထောင်စုစိတ်ဓာတ် လွန်မြင့်မြတ်။

❖ ပြည်ထောင်စု၏ မည်သည့်နေရာ
နေထိုင်ပါစေ မသွေစိတ်ထဲ
ခိုင်မြဲခိုင်ကျည် ရှိရမည်မှာ
တစ်ပြည်ထောင်ဖွား သွေးချင်းများမို့
စိတ်ထားမြင့်မြတ် စိတ်ဓာတ်ခိုင်မာ
မြဲစွာစိတ်ထား ပြည့်အင်အားသည်
ပြည်ထောင်စုစိတ်ဓာတ် လွန်မြင့်မြတ်။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ဖိုးရန်နိုင်(ကျောက်ကြီး)



နှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် တိမ်းရှောင်ရန် ပြင်ဆင်နေကြသော အာဖဂန်လူမျိုးများကို ဖေဖော်ဝါရီ ၉ ရက်က တွေ့ရစဉ်။ (အာဖဂန်နစ္စတန်တွင် နှင်းများကျဆင်းမှုကြောင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ ၆၄ ဦး သေဆုံးပြီး ၄၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။) ***(ဓာတ်ပုံ-အင်တာနက်)***

ဆွစ်ဇာလန်၌ နှင်းလျှောစီးသူတစ်ဦး နှင်းထုအောက်တွင် ၁၇နာရီကြာ နစ်မြုပ်ခဲ့သော်လည်း အသက်မသေ

အီဗိုလိမ်း(ဆွစ်ဇာလန်) ဖေဖော်ဝါရီ ၉

ဆွစ်ဇာလန်နိုင်ငံတွင် နှင်းလျှောစီးသူတစ်ဦးသည် ပြိုကျလာသော နှင်းခဲထုကြီးအောက်တွင် ၁၇ နာရီကြာမျှ နစ်မြုပ်နေရာမှ အသက်ရှင်လျက်အနေအထားဖြင့် ပြန်လည်ဆွဲထုတ်နိုင်ခဲ့ကြောင်း၊ ကိုယ်အပူချိန်များစွာ ကျဆင်းနေသည်မှလွဲ၍ အခြားထိခိုက်မှု မရှိကြောင်း ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အဆိုပါ အသက် ၂၁နှစ်ရှိ နှင်းလျှောစီးသမားသည် လေဟာနယ်တစ်ခုနှင့် ကပ်လျက်ပိတ်မိနေခြင်းဖြစ်ဖွယ်ရှိသည်ဟု ရဲတပ်ဖွဲ့က ယူဆသည်။

သတင်းပို့

ဂျီနီဗာမြို့မှ အရှေ့ဘက်မိုင် ၅၀ အကွာရှိအီဗိုလိမ်းဒေသတွင် ၎င်းနှင်းလျှောစီးသမား ပျောက်ဆုံးသွားကြောင်းကို စနေနေ့ညနေတွင် ရဲတပ်ဖွဲ့သို့ မိသားစုက သတင်းပို့ခဲ့သည်။

ကယ်ဆယ်ရေးသမားများက တနင်္ဂနွေနေ့တွင် လက်မ ၂၀ထူသော နှင်းထုကြီးအောက်တွင် ၎င်းကိုရှာဖွေတွေ့ရှိခဲ့သည်။

၎င်း၏ ရှင်သန်လွတ်မြောက်ပုံကို အံ့မခန်းဖြစ်ရပ်တစ်ခုအဖြစ် ရဲတပ်ဖွဲ့က ဖော်ပြသည်။ ဆွစ်ဇာလန်အဲလ်ပက်တွင် နှစ်စဉ် နှင်းခဲပြိုကျသဖြင့် နှင်းလျှောစီးသူ ဒါဇင်ပေါင်းများစွာ သေဆုံးမြဲဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဝါရှင်တန်၌ နှင်းမုန်တိုင်း ပြင်းထန်စွာတိုက်ခတ်

ဝါရှင်တန် ဖေဖော်ဝါရီ ၉

အမေရိကန် ပြည်ထောင်စု ဝါရှင်တန်တွင် စနေနေ့ နံနက်ပိုင်းက နှင်းမုန်တိုင်းတိုက်ခတ်ရာ လမ်းများပေါ်တွင် စုပုံလျက် ရှိသည့် နှင်းထုမှာ နှစ်ပေကျော် (စင်တီမီတာ ၆၀) ခန့် မြင့်တက်လျက်ရှိကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

ဝါရှင်တန်မြို့တော် နယ်နိမိတ်အတွင်း တိုက်ခတ်ခဲ့သည့် နှင်းမုန်တိုင်းသည် စံချိန်ချိုးခဲ့ကြောင်း၊ လူအများ၏ အသက်အန္တရာယ်ကိုပင် စိုးရိမ်ရလောက်သည့် အခြေအနေဖြစ်နေကြောင်း သိရသည်။

နေရာအနှံ့၌ နှင်းများ ကျရောက်မှုသည် လက်မ ၂၀ မှ ၃၀ အထိ မြင့်တက်နေပြီး အချို့နေရာများတွင် လက်မ ၃၀ ထက် မြင့်တက်နေကြောင်း၊ မြို့တော်တွင်မူ နှင်းထုကြီးသည် ငါးလက်မမှ ရှစ်လက်မအထိ ဖြစ်ပေါ်နေသည်ဟု ဒေသဆိုင်ရာ မိုးလေဝသဌာနက ကြေညာသည်။

ရင်ဆိုင်နေရ

နှင်းမုန်တိုင်းကြောင့် သစ်ပင်ကြီးများ ပြိုလဲကာ ဓာတ်အားတိုင်များ ပြိုကျသွားသဖြင့်ဓာတ်အားလိုင်းများပြတ်တောက်ပြီး လူပေါင်း ၂၃၀၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်မှုနှင့် ရင်ဆိုင်နေကြရကြောင်းလျှပ်စစ်ကုမ္ပဏီများက ပြောကြားသည်။

ရီဂင်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စနေနေ့တွင် ထွက်ခွာမည့် လေယာဉ်ခရီးစဉ်အားလုံးကိုလည်း ဖျက်သိမ်းခဲ့ရကြောင်း၊ လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်နေသဖြင့် စာပေးဝေရေးစနစ်လည်း ရပ်ဆိုင်းထားရကြောင်း၊ ဗာဂျီးနီးယား၊ မေရီလန်းနှင့် ဝါရှင်တန်ဒီစီတို့တွင် အရေးပေါ်အခြေအနေကြေညာထားရကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်နိုင်ငံ အီရှီဂါကီကျွန်း၌ အင်အားပြင်းငလျင်လှုပ်

တိုကျို ဖေဖော်ဝါရီ ၉

ဂျပန်နိုင်ငံ အီရှီဂါကီကျွန်း အနီး၌ ဖေဖော်ဝါရီ ၇ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၆ အဆင့်ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ပြီး ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ရကြောင်း ဂျပန်မိုးလေဝသဌာနက ပြောကြားသည်။

အဆိုပါ ငလျင်သည် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၁၀ မိနစ်က လှုပ်ခဲ့ပြီး အီရှီဂါကီကျွန်း ကမ်းလွန်ပင်လယ်ပြင်အောက် ကီလိုမီတာ ၁၀ခန့် အနက်၌ လှုပ်ခဲ့သည်။

သို့သော်လည်း သေကျေဒဏ်ရာ ရရှိမှုသို့မဟုတ်ပျက်စီးမှုတို့ကို ချက်ချင်းထုတ်ပြန်ခြင်း မရှိချေ။

အမ်အင်အေ၊ဆင်ဟွာ။

ကော်လိုရာဒိုပြည်နယ်၌ လေယာဉ်ငယ်နှစ်စင်းတိုက်မိရာ အပျက်အစီးများကို ဖေဖော်ဝါရီ ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယူရေနီယံကို ထပ်မံသန့်စင်ရန် အီရန်သမ္မတ အမိန့်ထုတ်ပြန်

တီဟီရန် ဖေဖော်ဝါရီ ၉

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်သည် ယူရေနီယံ အဆင့်မြင့်သန့်စင်ရေး ဆောင်ရွက်ရန် နိုင်ငံ၏အဏုမြူစွမ်းအင်အေဂျင်စီကို တနင်္ဂနွေနေ့တွင် အမိန့်ပေးလိုက်ပြီဖြစ်သည်။

တိုက်ဆိုင်

ယူရေနီယံ သန့်စင်ရေးပြဿနာနှင့် စပ်လျဉ်း၍ အာမက်ဒီနီဂျက်၏ နောက်ဆုံးတရားဝင် ထုတ်ပြန်ကြေညာချက်သည် အမေရိကန် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က ချူကလီးယား အစီအစဉ် စွန့်လွှတ်ရန်အတွက် အီရန်နိုင်ငံကို နိုင်ငံတကာ အဖွဲ့အစည်းများက စုပေါင်းဖိအားပေးရန် တောင်းဆိုချိန်နှင့် တိုက်ဆိုင်လျက်ရှိသည်။

ပြောကြား

အီရန်နိုင်ငံ၏ အဏုမြူစွမ်းအင် အေဂျင်စီအကြီးအကဲ အလီအက္ကဗာဆာလီဟီ တက်ရောက်သော အစည်းအဝေး၌ အာမက်ဒီနီဂျက်က မိန့်ခွန်းပြောကြားစဉ် ထိုအမိန့်ကို ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ယူရေနီယံ ၂၀ ရာခိုင်နှုန်း စတင်သန့်စင်ထုတ်လုပ်ရန် ဆာဟီလီကို အီရန်သမ္မတက ပြောကြားခဲ့သည်။ ပို၍အဆင့်မြင့်သော ယူရေနီယံ သန့်စင်ခြင်းကို အီရန်နိုင်ငံ အလယ်ပိုင်း နာတန့်(ဇ်)မြို့ရှိ စက်ရုံတွင် ဆောင်ရွက်မည်ဟု ဆာလီဟီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပုံးခွဲတိုက်ခိုက်ခံရ၍ အာဖဂန်ရဲတပ်ဖွဲ့ဝင်လေးဦးသေဆုံး

ကန်ဒါဟာ ဖေဖော်ဝါရီ ၉

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ်၏ မြို့တော်ကန်ဒါဟာတွင်တနင်္ဂနွေနေ့၌ ရဲတပ်ဖွဲ့မော်တော်ယာဉ်တစ်စီးကို အင်အားပြင်းပုံးဖြင့် တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီးအရပ်သားနှစ်ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တံတားတစ်ခု၏အောက်တွင် အဆိုပါပုံးကို ထောင်ထားပြီး ရဲတပ်ဖွဲ့ မော်တော်ယာဉ် ဖြတ်သန်းစဉ် ဖောက်ခွဲလိုက်ကြောင်း ရဲအရာရှိ အဗ္ဗဒူလ်အာမက်က အေအက်ဖ်ပီသို့ ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်လေးဦးသည် ၎င်းတို့၏ ကင်းစခန်းသို့ ရိက္ခာများသွားပို့စဉ်လမ်းမှာ ပင်သေဆုံးသွားကြကြောင်း အာမက်က အခင်းဖြစ်ရာနေရာ၌ သတင်းထောက်များအား ပြောကြားခဲ့သည်။

တွေ့မြင်

အခင်းဖြစ်ရာနေရာ၌ ပျက်စီးနေသော ဂျစ်ကားတစ်စီးနှင့် ပြန့်ကျဲနေသော လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများကို တွေ့မြင်ခဲ့ရကြောင်း အေအက်ဖ်ပီသတင်းထောက်က ပြောပြသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် အော်လင်တန် စီရင်စု၌ ဆီးနှင်းမုန်တိုင်းတိုက်ခတ်မှုနှင့် ကြုံတွေ့နေရပုံကို ဖေဖော်ဝါရီ ၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပေါ်တူဂီအလယ်ပိုင်း၌ ဖောက်ခွဲရေးပစ္စည်းများဖမ်းဆီးရမိ

လစ္စဘွန်း ဖေဖော်ဝါရီ ၉

ပေါ်တူဂီနိုင်ငံရဲတပ်ဖွဲ့သည်ယခုရက်သတ္တပတ်အတွင်း ဘက်ခ်လူမျိုးစု ခွဲထွက်ရေးအုပ်စု (အီးတီအေ)တို့ အသုံးပြုသော လက်လုပ်ဖောက်ခွဲရေးပစ္စည်းပေါင်း ၃၀၀၀ ကျော်ကို ဖမ်းဆီးရမိကြောင်း စနေနေ့တွင် စပိန်ပြည်ထဲရေးဝန်ကြီးဌာနက ဖော်ပြသည်။

လစ္စဘွန်းမြို့မြောက်ဘက် မိုင် ၆၀ ခန့်အကွာ အိုဘီဒေ့ါစ်ဒေသရှိ အိမ်အတွင်း သေတ္တာများ၌ သံသယဖြစ်ဖွယ်ပစ္စည်းများ ရှာဖွေတွေ့ရှိသည်ဟု ပေါ်တူဂီအစောင့်တပ်ဖွဲ့က ပြောကြားသည်။ ဘက်ခ်လူမျိုးစု လွတ်မြောက်ရေးတိုက်ခိုက်မှုများကြောင့် လူပေါင်း ၈၀၀ ကျော် သေဆုံးရခြင်းအတွက် အီးတီအေအဖွဲ့ကို ပြစ်တင်ခဲ့သည်။ အီးတီအေအဖွဲ့ကို အကြမ်းဖက်အုပ်စုအဖြစ် စပိန်၊ ဥရောပသမဂ္ဂနှင့်အမေရိကန်တို့က သတ်မှတ်ထားကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကော်လိုရာဒိုပြည်နယ်၌ လေယာဉ်ငယ်နှစ်စင်းတိုက်မိ လူသုံးဦးထက်မနည်းသေဆုံး

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၉

ကော်လိုရာဒိုပြည်နယ်တွင် စနေနေ့က လေယာဉ်ငယ်နှစ်စင်း တိုက်မိမှုကြောင့် လူသုံးဦးထက်မနည်း သေဆုံးသွားကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

မသိရသေး

သေဆုံးသူများမှာ လေယာဉ်ငယ်နှစ်စင်းစလုံးပေါ်မှ ဖြစ်ကြောင်း၊ လေယာဉ်များပေါ်တွင် လူမည်မျှ လိုက်ပါလာခြင်းကိုမူ မသိရသေးကြောင်း ဘိုလ်ဒါခရိုင် အုပ်ချုပ်ရေးရုံးမှ တာဝန်ရှိပုဂ္ဂိုလ် ရစ်ခ်ဘရော့က ပြောကြားသည်။

ပြောကြား

လေယာဉ်ချင်း တိုက်မိမှုကြောင့် လူနှစ်ဦးသေဆုံးသည်ဟု ကနဦးထုတ်ပြန်သော သတင်းတွင်ဖော်ပြခဲ့သည်။ စက်မဲ့လေယာဉ် (ဂလိုက်ဒါ)ကို ကြိုးဖြင့်ဆွဲယူလာသည့် လေယာဉ်နှင့် အခြားလေယာဉ်တစ်စင်းတို့ တိုက်မိခြင်းဖြစ်သည်ဟု လေကြောင်းပျံသန်းမှု အုပ်ချုပ်ရေးအဖွဲ့ (အက်ဖ်အေအေ)က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဂျင်တီးနားတွင် လေယာဉ်ပျက်ကျ သုံးဦးသေဆုံး

ဗျူနိုအေးရိ ဖေဖော်ဝါရီ ၉

အာဂျင်တီးနားနိုင်ငံအနောက်ပိုင်းတွင် စနေနေ့ကလေယာဉ်ငယ်တစ်စင်း ပျက်ကျသွားရာ လေယာဉ်ပေါ်ပါ လူသုံးဦးစလုံး သေဆုံးသွားကြောင်း မြို့ပြကာကွယ်ရေးဌာနမှအာဏာပိုင်များက ပြောကြားသည်။

အာဂျင်တီးနားနိုင်ငံအနောက်တောင်ဘက် ကီလိုမီတာ ၈၀ ကွာဝေးသော မင်ဒိုဇာပြည်နယ် တောတောင်ထူထပ်သောနေရာ၌ ယင်းလေယာဉ်ငယ်ပျက်ကျသွားခြင်းဖြစ်သည်ဟုဆိုသည်။

လေယာဉ်ပေါ်ပါလူသုံးဦးအနက်နှစ်ဦးမှာ နေရာတွင်ပင်ပွဲချင်းပြီးသေဆုံးပြီး ကျန်တစ်ဦးမှာ ရရှိသောဒဏ်ရာဖြင့် ဆေးရုံတွင် သေဆုံးသွားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၏ စက်မှု(၁)မောင်မြန်မာ စက်ဘီးစီးပြိုင်ပွဲကို မန္တလေးတိုင်း မြင်းခြံမြို့နယ် ငွေးပင်ရိုးကျေးရွာ၌ ကျင်းပစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း မြင်းခြံခရိုင်၌ မောင်မြန်မာစက်ဘီးစီးပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၏ စက်မှု(၁) မောင်မြန်မာ စက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၆နာရီခွဲတွင် မန္တလေးတိုင်း မြင်းခြံမြို့နယ် ငွေးပင်ရိုးကျေးရွာ၌ ကျင်းပရာ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှ တာဝန်ရှိသူများ၊ မြင်းခြံခရိုင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်သာမြို့နယ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ နှစ်မျိုးပါဝင်ပြီး မြင်းခြံမြို့နယ် ငွေးပင်ရိုး ကျေးရွာမှ စတင်တာထွက်၍ မိုင် ၂၀ ကွာဝေးသည့် တောင်သာမြို့နယ် ဝဲလောင် ဗိုလ်ရာညွှန့်ရုပ်တုရှေ့၌ ပန်းဝင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဗိုလ်ရာညွှန့်ခန်းမ၌ ကျင်းပရာ ဆုရရှိကြသူများအား မြင်းခြံခရိုင် ဥက္ကဋ္ဌ၊ တောင်သာမြို့နယ် ဥက္ကဋ္ဌနှင့် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Nippon ခေါက်ဆွဲစက်ရုံ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

Nippon ခေါက်ဆွဲစက်ရုံဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ရွှေပြည်သာစက်မှုဇုန်ရှိ အဆိုပါ စက်ရုံဥပစာ၌ ကျင်းပရာ ငုရွှေဝါကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသိန်းထွေး နှင့် ဒါရိုက်တာ ဦးစိုးဝင်းထွန်းတို့က စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် စက်ရုံရှင်းလင်းဆောင်၌ ငုရွှေဝါကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးသိန်းထွေးက ဧည့်ပရိသတ်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် စက်ရုံ အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ထို့နောက် မန်နေဂျင်းဒါရိုက်တာ ဦးသိန်းထွေးနှင့်အဖွဲ့ဝင်များက ဧည့်ပရိသတ် များအား Nippon ခေါက်ဆွဲ စက်ရုံ၏ ကုန်ထုတ်လုပ်မှုအဆင့်ဆင့်ကို လိုက်လံရှင်းလင်း ပြသခဲ့ကြသည်။

အဆိုပါ Nippon ခေါက်ဆွဲစက်ရုံသည် တစ်နေ့အလုပ်ချိန် ရှစ်နာရီအတွင်း Nippon ခေါက်ဆွဲဘူးပေါင်း ငါးသောင်းထုတ်လုပ်၍ ဈေးကွက်အတွင်း ဖြန့်ဖြူးလျက် ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

တာမွေမြို့နယ် အမက (၂၁) ၂၀၀၉-၂၀၁၀ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၃၀ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်စိုးက သူငယ်တန်း၌ ပထမဆုရရှိသူ မမေဖူးသော်အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

(ကြေးမုံ)

အရန်သားဖွားဆရာမ သင်တန်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က နေပြည်တော်တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူးအုန်းလှိုင် အမှာစကားပြောကြားပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ဝါဝါညွန့်ရွှေက အရန်သားဖွား ဆရာမသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်း ပြောကြားစဉ်။

(ဝ၉၂)

(၅၂)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

(၅၂)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက် ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အကြို ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၇ ရက်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အကြိုညှိနှိုင်းအစည်းအဝေးတွင် နှစ်စဉ် အစဉ်အလာ မပျက် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သော ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း၏ မြန်မာတစ်ပြည်လုံးရှိ ဂေါက်ကလပ် အသင်းများ ယှဉ်ပြိုင်ပွဲဖြစ်သည့်အားလျော်စွာ မဟာသင်္ကြန် ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို ယခုနှစ် (၅၂)ကြိမ်မြောက် ဆက်လက်ကျင်းပသွားရန်၊ ပြိုင်ပွဲအမျိုးအစားများအနေဖြင့် ကလပ်အသင်းများအလိုက် ရွှေအဆင့်၊ ငွေအဆင့်၊ ကြေးအဆင့် ပြိုင်ပွဲများ၊ အသင်းလိုက်ပြိုင်ပွဲများ၊ တစ်ဦးချင်းပြိုင်ပွဲများ၊ သက်ကြီးတန်းပြိုင်ပွဲများ၊ အမျိုးသမီးပြိုင်ပွဲနှင့် ပြင်ဦးလွင်ဖလား ပြိုင်ပွဲများကျင်းပသွားရန်၊ ပြိုင်ပွဲရက်ကို ဧပြီ ၁၁ ရက်မှ ၁၄ ရက်အထိ လေးရက် ကျင်းပသွားရန်၊ ဆုကြေးငွေကျပ်သိန်း ၁၅၀ ကို ချီးမြှင့်သွားရန်၊ ပါဝင်ယှဉ်ပြိုင်ကစားကြမည့် ဂေါက်သီးရိုက် အားကစားမောင်မယ်များအတွက် တည်းခိုခန်းခ တစ်ဝက်နှုန်းဖြင့် စီစဉ်ပေးရန်နှင့် အမှတ်တရလက်ဆောင် ပစ္စည်းများ ထိုက်ထိုက်တန်တန်ချီးမြှင့်ရန်တို့ကို ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ကြသည်။

၂၀၁၀ ခုနှစ် (၅၂)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို KM GOLF CENTRE က အဓိက ပံ့ပိုးကူညီမည်ဖြစ်သည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲကို ယခင်နှစ်များကထက် ယခုနှစ်တွင် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ကုမ္ပဏီအသီးသီးတို့ ပါဝင် ဆောင်ရွက်ခြင်းနှင့် ဂေါက်သီးရိုက်ကွင်းအတွင်း ကြော်ငြာများ စိုက်ထူခြင်းလုပ်ငန်းများဆောင်ရွက်လိုပါက ပြင်ဦးလွင် ဂေါက် သီးရိုက်အသင်း ဖုန်း-၀၈၅-၂၂၃၈၂၊ ဦးစံဏီ ဖုန်း-၀၉-၅၂ ၆၁၂၉၁နှင့် ဗိုလ်မှူးစိုင်းဝင်းဟန် (ငြိမ်း) ဖုန်း-၀၉-၂၀၄၄၁၆၄ တို့ထံ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

ပြည်ထောင်စုနေ့အကြို နယ်လှည့်ဟောပြောပွဲ ကျောက်တံတား အထက(၁)၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး ကျောက်တံတားမြို့နယ်မှ ကြီးမှူး၍ ပြည်ထောင်စုနေ့အကြို နယ်လှည့်ဟောပြောပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီက ကျောက်တံတား အထက(၁) ကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ပြည်ထောင်စု စိတ်ဓာတ် ထွန်းကားပြန့်ပွားရေးခေါင်းစဉ်ဖြင့် ဟောပြောသည်။ **(အပေါ်ပုံ)**

(ခရိုင်ပြန်/ဆက်)

မြင်းတန်းခုန်စီးပြိုင်ပွဲနှင့် မြင်းဒုန်းစီးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်နှင့် Myanmar Brewery Ltd., မှ ထုတ်လုပ်သော BARON'S တို့ ပူးပေါင်းကျင်းပမည့် BARON'S CUP 2010 မြင်းတန်းခုန်စီး ပြိုင်ပွဲနှင့် မြင်းဒုန်းစီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဒဂုံမြို့သစ် (မြောက်ပိုင်း) ပင်လုံလမ်းနှင့် ပြည်ထောင်စုလမ်းဆုံရှိ မြန်မာနိုင်ငံ မြင်းစီး အားကစားအဖွဲ့ချုပ်တွင် ကျင်းပသွား မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အလွတ်တန်း မြင်းတန်းခုန်စီးပြိုင်ပွဲနှင့် အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်း မြင်းဒုန်းစီး ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ ဆုကြေး များ ထိုက်ထိုက်တန်တန် ချီးမြှင့်သွား မည်ဖြစ်ပြီး မြင်းဒုန်းစီးအကြီးတန်းပြိုင်ပွဲ၌ ပထမ ငွေကျပ် ငါးသိန်း၊ ဒုတိယ ငွေကျပ် သုံးသိန်း၊ တတိယ ငွေကျပ် နှစ်သိန်း၊ အလတ်တန်းပြိုင်ပွဲ၌ ပထမ ငွေကျပ် သုံးသိန်း၊ ဒုတိယ ငွေကျပ် နှစ်သိန်း၊ တတိယ ငွေကျပ် တစ်သိန်း၊ အငယ်တန်း ပြိုင်ပွဲ၌ ပထမ ငွေကျပ် နှစ်သိန်း၊ ဒုတိယ ငွေကျပ် တစ်သိန်း၊ တတိယ ငွေကျပ် ငါးသောင်း၊ မြင်းတန်းခုန်စီး အလွတ် တန်းပြိုင်ပွဲ၌ ပထမ ငွေကျပ် နှစ်သိန်း၊ ဒုတိယ ငွေကျပ် တစ်သိန်းနှင့် တတိယ ငွေကျပ် ငါးသောင်းတို့ ချီးမြှင့်သွားမည် ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဖုန်း-၅၈၄၉၆၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ ညအပူချိန် အနည်းငယ်တိုးလာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၉

ယနေ့နံနက် ၉း၃၀ နာရီထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီ ဂရိတ်ထိ၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန် တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန် တို့ထက် ၄ ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန် တို့ထက် ၅ ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** လွိုင်လင်မြို့တွင် (-၂)ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် (-၁)ဒီဂရီ စင်တီဂရိတ်၊ ဟားခါးမြို့နှင့် အမ်းမြို့ တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီနှင့် ပင်လောင်းမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြ သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ် အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၁၀ ရက် ညနေထိ ခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ပြည်နယ် နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လေယာဉ်ကွင်းလမ်း လမ်းလယ်ကျွန်းများတွင် ပန်းအလှပင်များဖြင့် မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို အမှုဆောင်အရာရှိ(လက်ထောက်ညွှန်ကြားရေးမှူး) ဦးအောင်ဌေးကြွယ်နှင့် အင်ဂျင်နီယာမှူး ဦးမျိုးမင်းသန့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၉

ဇန်နဝါရီ ၆ ရက် ညနေ ၄း၅၀ နာရီတွင် ကြံခင်းဘိလပ်မြေစက်ရုံ ဂေါက်ကွင်း၌ ဦးအောင်သူရသည် Tour Special-115 အမျိုးအစား ဂေါက်သီးအား Taisyer Mate -7 သံတုတ်နံပါတ် (၉) ဖြင့် ရိုက်လိုက်ရာ ၁၁၅ ကိုက်အကွာရှိ ကျင်းအမှတ်(၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ၎င်းနှင့်အတူ ဂေါက်သီးကစားဖော်များဖြစ်ကြသော ကြံခင်းဘိလပ်မြေ ဒုတိယစက်ရုံမှူး ဦးဝင်းထွန်းညွန့်၊ လက်ထောက်စက်ရုံမှူး ဦးဝင်းနိုင်နှင့် ဦးစိုးသိန်းတို့ ပါဝင်ကစားကြသည်။ (ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

❖ သတင်းထောက် စင်္ဂကူစိုးဝင်း၏ "ဖွံ့ဖြိုးဝေစည်လာသည့် ဧည့်ဝတီ ရခိုင်ပြည်နယ်"
(သတင်းဆောင်းပါး) စာမျက်နှာ - ၁၊ ၆၊ ၇

❖ ရာဇကျော်၏ "ပြည်ထောင်စုအရေး ဒို့မြော်တွေး"
(ဆောင်းပါး) စာမျက်နှာ - ၈၊ ၉

❖ ဖိုးရန်နိုင်(ကျောက်ကြီး)၏ "ပြည်ထောင်စုစိတ်ဓာတ်"
(ကဗျာ) စာမျက်နှာ - ၉

❖ မောင်မောင်မိုးအောင်၏ "သွေးချင်းတို့မြေ"
(ကဗျာ) စာမျက်နှာ - ၈

❖ အောင်ကျော်ဖြိုး၏ "တစ်လှေတည်းစီး တစ်ခရီးတည်းသွား"
(ကာတွန်း) စာမျက်နှာ - ၈

လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝါယာရှော့ဖြစ်ခြင်း(Wire Shock)၊ လျှပ်စစ်ဓာတ်အား မြင့်တက်ခြင်း(Over Loading)၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများအသုံးပြုခြင်း(Use of Defective Tools and Appliance)၊ မီးအားထိန်းကိရိယာ(Safe Guard)ချွတ်ယွင်း၍ အလိုအလျောက်(Auto) ပြုတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများ စတင်ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အား အသုံးပြုရာတွင် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများမသုံးစွဲကြရန်၊ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် လျှပ်စစ်ပစ္စည်းများကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သောနေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သောပစ္စည်းများ မထားရှိစေရေး သတိပေး နှိုးဆော်အပ်ပါသည်။

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ လူနာသစ်ရှစ်ဦး ထပ်မံတွေ့ရှိ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၃) ရပ်ကွက်ရှိ ကျောင်းသားများ စုစည်းနေထိုင်ရာ ဘော်ဒါဆောင်တစ်ခု၌ ကလေးရှစ်ဦးတွင် New Influenza A (H1N1) ရောဂါပိုးတွေ့ရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများပါဝင်သော ကွင်းဆင်းအဖွဲ့သည် အဆိုပါလူနာများနှင့် ဆက်နွယ်မှုရှိသော အတူနေသူများနှင့် ထိတွေ့မှုရှိသူများ၊ နေထိုင်သောအိမ်များနှင့် ရပ်ကွက်အတွင်းရှိ ဆက်နွယ်သူများအား အသေးစိတ်စစ်ဆေးခြင်းနှင့် လူနာသစ်ရှာဖွေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ လူနာကျောင်းသားများနှင့် အတူနေသူများ၏ စာသင်သော ကျောင်းများဖြစ်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းနှင့် အမှတ်(၂၃)အခြေခံပညာ မူလတန်းကျောင်းတို့မှ ကျောင်းသားအချို့ ဖျားခြင်းနှင့် တုပ်ကွေးလက္ခဏာများ တွေ့ရှိရသည်။

ထို့ကြောင့် ၎င်းတို့အား သီးခြားစီခွဲထားစေ၍ ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးခဲ့ရာ၌ နောက်ထပ် ကျောင်းသားရှစ်ဦးတွင် New Influenza A (H1N1)ရောဂါပိုး ထပ်မံတွေ့ရှိကြောင်း အတည်ပြုနိုင်ခဲ့သည်။

အဆိုပါလူနာများသည် ဝေဘာဂီအထူးကုဆေးရုံကြီးတွင် နှစ်ဦးနှင့် မြောက်ဥက္ကလာပဆေးရုံကြီးတွင် ခြောက်ဦး တက်ရောက်ကုသမှုခံယူလျက်ရှိပြီး ၎င်းလူနာရှစ်ဦး၏ အခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။

ပြည်သူလူထုအတွင်း ရောဂါကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်နှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။ (သတင်းစဉ်)